# လောက်ကိုင်သွားတောလား

နှင့်

## အွန်လိုင်းပေါ်မှ ဝေဒနာကာဗျာစုများ

ပါဒသျှင်



စာပေဝတ္ထု ၊ ရတုကဗျာ
လင်္ကာပန်းမိုး ၊ ရှာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ် ၊ ဇာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်။

(နိုင်ငံ့ဂုဏ်ရည် စာပေတိုက်)

# လောက်ကိုင်သွားတောလား

နှင့်

# အွန်လိုင်းပေါ်မှ ဝေဒနာကဗျာစုများ

ပါဒသျှင်

နိုင်ငံ့ဂုဏ်ရည်စာစဉ် (၁၈၉)

## ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်ကာလ**

၂၀၁၆ ခုနှစ်၊ မတ်လ

**အုပ်ရေ**- ၇၀၀

**တန်ဖိုး**- (၁၅၀၀ိ/-)

**ထုတ်ဝေသူ**

ဦးအုန်းမောင်(၁၃၇၉၄)

**ပုံနှိပ်သူ**

နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက် ၊ အမှတ် ၂၁၁၊ ၃၉-လမ်း

ကျောက်တံတားမြို့နယ် ၊ ရန်ကုန်။

**မျက်နှာဖုံး**

ကျော်ကျော်(နိုင်ငံ့ဂုဏ်ရည်)

**ဖြန့်ချီရေး**

**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**

ရန်ကုန်ဘူတာကြီး၊ အမှတ် (၁) စကြံန်၊

(ပန်းဆိုးတန်းခုံးကျော်တံတားအောက်) ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။

၈၁၉

ပါဒရှင်

လောကကိုင်သွားတောလားနှင့်အွန်လိုင်းပေါ်မှ ဝေဒနာကဗျာစုများ

နိုင်ငံ့ဂုဏ်ရည်၊ ရန်ကုန်။

စာမျက်နှာ - ၁၅၃၊ ၁၂. ၅ စင်တီ × ၁၈. ၅ စင်တီ

# မာတိကာ

## ကဗျာရေးသူ၏တင်ပြချက်


၁။ မြန်မာတွေရဲ့ ချစ်သောဗိုလ်ချုပ် ၁၃
၂။ ခွင့်လွှတ်ပါ အမေ (၁) ၁၄
၃။ ခွင့်လွှတ်ပါ အမေ (၂) ၁၆
၄။ ခွင့်လွှတ်ပါ အမေ (၃) ၁၈
၅။ ခွင့်လွှတ်ပါ အမေ (၄) ၂၀
၆။ ခွင့်လွှတ်ပါ အမေ (၅) ၂၂
၇။ ချစ်သော အဖေ ၂၅
၈။ တို့အားလုံးရဲ့ အဖေ ၂၇
၉။ ပြန်လာခဲ့ပါ အဖေ ၃၀
၁၀။ မြတ်သောဆရာ ၃၂
၁၁။ ဂန္ထဝင်ထဲက ဥယျာဉ်မှူး ၃၄
၁၂။ အလွမ်းဝေတဲ့ ကျောင်းတော်မြေ ၃၆
၁၃။ ထာဝရမေတ္တာ ၃၇
၁၄။ အတ္တနှင့် ပရ ၃၈
၁၅။ သီဟဒီပအလွမ်း ၃၉
၁၆။ လမြတ်တန်ဆောင်တိုင် ၄၂
၁၇။ ဈေးသည် ၄၄
၁၈။ မောင် ၄၆
၁၉။ ပန်းပိတောက်ဖူးနှင့်အတူ ၄၇
၂၀။ ရင်ကို အေးမြစေသား ၄၉
၂၁။ ဖေ့စ်ဘွတ်စ်ပေါ်က ငါ ၅၀
၂၂။ တိတ်တခိုးအလွမ်း ၅၂
၂၃။ ဘဝခြား ၅၃

၂၄။ ပါရမီဖြည့်ဖက် ၅၄
၂၅။ အချစ်ချိုပေါ့ကျ ၅၅
၂၆။ ဝေးသွားမလား ၅၆
၂၇။ ဝေးသွားမလား (၂) ၅၇
၂၈။ အချစ်တံဆိပ် ၅၈
၂၉။ အချစ်ဦး ၅၉
၃၀။ ချစ်မပြေ ၆၀
၃၁။ မြန်မာဟော့ ၆၁
၃၂။ သွေးစစ်စစ် ၆၂
၃၃။ အသစ်တဖန် ၆၃
၃၄။ တာဝန်ကိုယ်စီ ၆၅
၃၅။ ဝေဒနာကိုယ်စီ ၆၆
၃၆။ ဆီးလို့ကြိုမယ် ၆၇
၃၇။ ဗိုလ်ချုပ်ရဲ့ အမှာစကား ၆၈
၃၈။ ခွင့်ပြုချက် ၇၀
၃၉။ နားလည်ပေးပါမေ ၇၂
၄၀။ တောစီးဖိနပ်လေး ၇၄
၄၁။ ဝင့်ကြွေးကြေ ၇၇
၄၂။ လောက်ကိုင်သွားတောလား (၁) ၇၈
၄၃။ လောက်ကိုင်သွားတောလား (၂) ၈၀
၄၄။ လောက်ကိုင်သွားတောလား (၃) ၈၁
၄၅။ လောက်ကိုင်သွားတောလား (၄) ၈၂
၄၆။ လောက်ကိုင်သွားတောလား (၅) ၈၄
၄၇။ လောက်ကိုင်သွားတောလား (၆) ၈၆
၄၈။ လောက်ကိုင်သွားတောလား (၇) ၈၈
၄၉။ လောက်ကိုင်သွားတောလား (၈) ၉၁

၅၀။ လွမ်းအားတွေပိုပို ၉၄
၅၁။ ကျွန်တော့်တပည့် ဆလိုင်းနွယ် (၁) ၉၆
၅၂။ ကျွန်တော့်တပည့် ဆလိုင်းနွယ် (၂) ၉၉
၅၃။ ကျွန်တော့်တပည့် ဆလိုင်းနွယ် (၃) ၁၀၁
၅၄။ လွမ်းမိတဲ့ လသာည ၁၀၅
၅၅။ စကားပြောသော သွေး ၁၀၆
၅၆။ နတ်သျှင်နောင်ကောက်ကောင်း (၁) ၁၀၇
၅၇။ နတ်သျှင်နောင်ကောက်ကောင်း (၂) ၁၁၀
၅၈။ နတ်သျှင်နောင်ကောက်ကောင်း (၃) ၁၁၂
၅၉။ နတ်သျှင်နောင်ကောက်ကောင်း (၄) ၁၁၄
၆၀။ နတ်သျှင်နောင်ကောက်ကောင်း (၅) ၁၁၆
၆၁။ နတ်သျှင်နောင်ကောက်ကောင်း (၆) ၁၁၈
၆၂။ ငယ်ကအလွမ်း ၁၂၀
၆၃။ မြန်မာ့အလှ ၁၂၂
၆၄။ ပီတိမျက်ရည် ၁၂၃
၆၅။ အမိမြေရဲ့စစ်မြေ ၁၂၄
၆၆။ မေတ္တာလမ်း ၁၂၅
၆၇။ မဲတစ်ပြားနဲ့တာဝန်ခြား ၁၂၆
၆၈။ ရင်ခုန်တဲ့ည ၁၂၇
၆၉။ ကြိုနေမယ်မောင် ၁၂၈
၇၀။ ပါရမီဖြည့်ဖက်ပါမောင် ၁၂၉
၇၁။ တောပျော်ထမင်းဝိုင်း ၁၃၀
၇၂။ ရွှေရောင်တိုင်းပြည် ၁၃၂
၇၃။ မောင်မောင် မခေါ်တော့ပါ ၁၃၃
၇၅။ စိမ်းရက်ပါဘူးမေ ၁၃၄

## "စာရေးသူ၏အမှာ"

"လောက်ကိုင်သွားတောလားနှင့် အွန်လိုင်းပေါ်မှ ဝေဒနာ ကဗျာစုများ" သည် ဖေ့စ်ဘွတ်စ်သုံးစွဲတတ်ကာစ စတင်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ပွင့်လင်းမြင်သာသော ယနေ့ခေတ်တွင် စာရေးသူတို့ မြန်မာနိုင်ငံတွင် လွတ်လပ်မှုကို မြတ်နိုးကြောင်းကို ဖေ့စ်ဘွတ်စ်ပေါ်တွင် များစွာတွေ့ရပါသည်။ တစ်ဦးနှင့်တစ်ဦး အသိပညာ အတတ်ပညာ အမြင်အဆန်း အတွေ့အကြုံအလုပ်အကိုင် အခွင့်အလမ်းကအစကောင်းသော ဖလှယ်ခြင်းများကို ဖေ့စ်ဘွတ်စ်ပေါ်တွင် မြင်ရပါသည်။

ဖေ့စ်ဘွတ်စ်လေလှိုင်းသည် သုံးတတ်လျှင် ဆေးမသုံးတတ်လျှင် ဘေးတစ်ခုဖြစ်နိုင်သော်လည်း စာရေးသူက ဆေးတစ်ခွက်အပြင် ခွန်အားစွမ်းအားတွေ ပြန့်ပွားပေးသည့် မဏ္ဍိုင်တစ်ခုဟု မြင်မိပါသည်။ အနာဂတ်လူငယ်များအတွက် အွန်လိုင်းသည် မရှိမဖြစ်လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပါသည်။ လူငယ်များကို လက်တွဲခေါ် နေရာပေး၍ အမိနိုင်ငံတော်ကြီးကို တည်ဆောက်သွားရမည် သာ ဖြစ်ပါသည်။ လူငယ်များ ကို ချန်ထားခဲ့၍ မရပါ။

စာရေးသူရေးခဲ့သော စာစုအားလုံးတို့သည် ဖြတ်သန်းခဲ့သော ဘဝ၏ အစိတ်အပိုင်းများ ဖြစ်ပါသည်။ အမိနိုင်ငံအတွက် တစ်ထောင့် တစ်နေရာမှ ပါဝင်ခဲ့၍ အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်ရသည်ကို ဝမ်းသာ ကြည်နူးခဲ့ရပါသည်။

ထိုအတူ အမိနိုင်ငံတော်ကြီးကို တိုးတက်စည်ပင်အောင် အနာဂတ်လူငယ် များ၏ အတွေးအမြင်များနှင့် ဆန်းသစ်၍ အတတ်ပညာ အသီးသီးဖြင့် ခြယ်မှုန်း နိုင်ပါစေဟု ရည်ရွယ်ပါသည်။ ။

ပါဒသျှင်

# ကဗျာအလှဆင်သည့် ပါဒသျှင်

ပါဒသျှင် ဟူသည့် ကဗျာဆရာလေးနှင့် ခင်မင်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ မြဝတီမြို့သို့ စာပေဟောပြောပွဲခရီးမှအပြန် လွန်ခဲ့သော (၈) နှစ်ခန့်ကတော့ သူနှင့်ကျွန်တော် အကြာကြီးစကားပြောခဲ့ရသည်။ မြဝတီမှ ရန်ကုန်အပြန်ခရီးကို သူကတာဝန်ယူရန် ပို့ဆောင်ပေးလေသည်။

သူနှင့် တစ်နေ့တာလုံး ခရီးအတူသွားရင်း၊ စာပေစကားတွေပြောကြရင်းမှ သူ့ရင်ထဲက ကဗျာ ဝါသနာပြင်းပြလှပုံကို သိရှိရတော့သည်။ သာမန်ကြည့်လျှင် သူသည် ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး နေတတ်သူဟု ထင်ရပေသော်ငြား သူ့နှလုံးသားကား လေးနက်တည်ကြည်လှပေသည်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေသူ၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူ၊ ယုံကြည်ရာ စာပေခရီးကို ဖွဲ့အားမာန်ထက်သန်လှစွာ လျှောက်လှမ်းနေသူတစ်ဦးအဖြစ် သူ့ကို လေးစားခင်မင်ရသည်။

ယခုအခါသူရေးသည့် ကဗျာပေါင်းချုပ်စာအုပ်တွင် အမှာစာရေးပေးပါဟု သူကဆိုလာသည်။ သူ့စာမူတစ်ထပ်ကြီးကိုယူ၍ စာအုပ်ခေါင်းစဉ်ကို ဦးစွာဖတ်ရှုကြည့်မိသည်။

**"လောင်ကိုင်သွားတောလားနှင့် အွန်လိုင်းပေါ်မှ ဝေဒနာကဗျာစုများ"**

စာအုပ်ခေါင်းစဉ်ကပင် သူ့ရင်ထဲကခံစားချက်ကို လှစ်ဟာဖော်ကျူးလျက် ရှိပေသည်။ တကယ်တော့ သူသည်လည်း စာဆိုစစ်သည်တစ်ဦးပေပဲ။ တိုင်းပြည်မှာ ကြုံတွေ့ရတဲ့ အဖြစ်သနစ်တွေ၊ နာကျင်ကြေကွဲရမှုတွေ၊ စစ်သည်တွေ ကြုံတွေ့ဆင်နွှဲရတဲ့ခါးသည်းခက်ထန်တဲ့ ခယောင်းလမ်းပေါ်က ဝေဒနာတွေဟာ ကဗျာဆရာရဲ့ ရင်ထဲ တစ်နည်းအားဖြင့် စာဆိုစစ်သည်ရဲ့ရင်ထဲကို ကူးစက်ရောက်ရှိခဲ့ပြီပဲ။ သူ့ရင်ထဲ ကဗျာလေးတွေက ပန်းလိုလည်းမွှေး၊ စမ်းလိုလည်းအေး၊ ကျွန်တော့်ကို တဖြည်းဖြည်း ဆွဲဆောင်ခေါ်ယူသွားတော့သည်---

**"သား. . . လူလေး အမေ့ရွှေသွေးကို**
**အများတကာက**
**ဆရာ . . . ဆရာနဲ့ ခေါ်သမျှကို**
**အမေထိုင်ကြည့် ပီတိဖြစ်ချင်တာသားရဲ့**
**သားရဲ့ ချွေးတစ်စက်နဲ့**
**ဟင်းတစ်ခွက်လည်း မစားချင်ပါဘူး. . ."**

(ခွင့်လွှတ်ပါအမေကဗျာမှ)

**"အခါခါအဖေ့ကို နမ်း**
**အသားကြွမ်းကြွမ်း အဖေ့ရဲ့ပါးပြင်က**
**သမီးနမ်းမဝခဲ့ပါဘူး အဖေ**
**သန်မာတဲ့ အဖေ့လက်ကိုဆွဲ**
**ဟိုး . . . ကမ္ဘာထဲသွားလည်ချင်ရဲ့"**

(ပြန်လာခဲ့ပါအဖေ ကဗျာမှ)

ရင်ထဲက စကားလုံးလေးတွေက နူးလှသည်။ နွဲ့လှသည်။ ထို့ပြင်ကဗျာဆန်လှပေသည်။

**"အထက်မှာ ပုဂံ ၊ အောက်မှာ သီဟဒီပ**
**စည်ကားခဲ့တဲ့ ၊ တိုင်းပြည်ကြီးတွေပါ**
**သမိုင်းတင်ခဲ့ ဘာသာနဲ့ ၊ ကမ္ဘာကို သိစေခဲ့တဲ့**
**လက်ဖျံရိုးတစ်ချောင်းပိုင်ရှင် ၊ သမိန်ဗရမ်း လူစွမ်းကောင်းက**
**သီဟဒီပရဲ့ သူရဲကောင်းပါ"**

(သီဟဒီပအလွမ်း ကဗျာမှ)

**"ကျွန်စစ်စစ်ဖြစ် ၊ ဗိုလ်နွံနစ်စဉ်**
**အသစ်ရောင်နီ ၊ နတ်မောက်ဆီမှ**
**အောင်စည်အောင်မောင်း ၊ ပြည့်သားကောင်းကို**

**မိကောင်းဒေါ်စု ၊ သန့်စင်ပြု၍**
**ယုယကြင်နာ ၊ မွေးဖွားရှာသည်**
**ဖေဖော်ဝါရီ ဆယ်သုံးဆီ။"**

(အသစ်တဖန် ကဗျာမှ)

**"စစ်သားမှာလေ ၊နွေတစ်ခေါက် . . .**
**နွေကိုလည်း မမှု ၊ ရှင်နေမင်းကို အန်တုလို့**
**လွင်တီးခေါင် ကန္တာရပဲဖြစ်ပါစေ**
**တောင်အဆင့်ဆင့် မတ်စောက်လို့ မြင့်ပါစေ**
**လျှိုခက်ခက် နက်နက်ပဲဖြစ်ပါစေ**
**ချွေးစက်စက်ထွက် ခန္ဓာပဲအေးစက်ပါစေ**
**ကိုယ့်ရဲ့ ခြေလက်အသက်တွေက**
**ပြည်သူ့အတွက်ပါမေ"**

(နားလည်ပေးပါမေ ကဗျာမှ)

ပါဒရှင်၏ကဗျာများသည် ရှုဒေါင့်လည်းစုံ ရသလည်းစုံလင်လှပါသည်။ ပရဟိတလုပ်ငန်းရပ်များကို ကိုယ်စားပြုသောကဗျာ၊ မျိုးချစ်စိတ် ပြည်ချစ်စိတ်ကို နှိုးဆွသော ကဗျာ၊ စစ်သားဘဝကို ဖော်ကျူးသောကဗျာ၊ နှလုံးသား ဝေဒနာကို ထင်ဟပ်သောကဗျာ၊ အမိအဖတို့၏ မြင့်မိုရ်မေတ္တာကို ဂုဏ်ပြုသော ကဗျာ၊ ရဲဘော်ရဲဘက်စိတ်ကို အမူကွန်းတင်သောကဗျာ၊ သူရဲကောင်းကို အလေးအမြတ်ပြုသောကဗျာ စသည့် ကဗျာမျိုးစုံကို ဖတ်ရှုရသည်မှာ ကြည်နူး ပီတိဖြစ်ဖွယ်ကောင်းလှပါသည်။

**"ဆရာ . . . ဆရာနေကောင်းတယ်နော်**
**ကျွန်တော်ဘမောင်ပါ ဆရာရဲ့**
**အစချီကာ သူပြောမှဖြင့် ကျွန်တော်သတိရ**
**ဘမောင်ကို သေချာကြည့်မိ**
**ဘယ်ဘက်မျက်စိတစ်လုံးကမပါ**
**ညာခြေထောက်ဒူးအောက်က ပလပ်လို့**

**အရပ်ဝတ် အရပ်စား နှမ်းဖတ်ဖတ်နဲ့**
**သတိမတ်အောင်ဆွဲပြီးလို့ အကျင့်ပါ**
**ဆရာ . . . ဆရာလို့ စကားသံက**
**ကျွန်တော့်ရင်မှာ မချိတင်တဲ**
**သတိဝင်တဲ့ အချိန်မှာ**
**ကျွန်တော့်ပါးပြင်မှာ မျက်ရည်တွေနဲ့ပါ"**

(လောကကိုင်သွားတောလား (၁)ကဗျာမှ)

သည်ကဗျာလေးကိုဖတ်ရတော့ ကဗျာဆရာ၏ ရင်ထဲကဝေဒနာက အမှာစာရေး သူ၏ ရင်ထဲကိုပါ ကူးစက်လာတော့သည်။ ဖွဲ့နွဲ့တတ်လွန်းသည့် ပါဒသျှင်ရယ်ဟုပဲ ဆိုချင်တော့သည်။ အဘယ်ကြောင့်ဆိုသော် သူ့တပည့် ဘမောင်ကို ကွက်ကွက်ကွင်း ကွင်းမြင်ယောင်ပြီး ကျွန်တော့်မှာလည်း မျက်ရည် လည်ရတော့သည်။

နူးညံ့သောသစ်စေ့ကလေးများ၏ အစို့အညှောက်ကလေးများသည် လည်းကောင်း၊ မှိုပွင့်ကလေး များသည်လည်းကောင်း၊ မျှစ်စို့ကလေးများသည် လည်းကောင်း၊ မာကျောသော မြေစိုင် မြေခဲကိုဖောက်ထွင်းထိုးထွက်နိုင်၏။ ဤသည်မှာ နူးညံ့သော်လည်း ခွန်အားရှိသည့် သဘောကို ဖော်ကျူးခြင်းပင် ဖြစ်သည်။

ကဗျာဟူသည်မှာ နူးညံ့သော ခွန်အားတစ်ရပ်ပင်ဖြစ်၏။

ကဗျာဖြင့် ပြလျှင်လှသည်။ ကဗျာဖြင့်ပြောလျှင်ချောသည်။ ကဗျာဖြင့် ဆွတ် လျှင်ညွှတ်သည်။ ကဗျာဖြင့် ဆင်လျှင်ယဉ်သည်။

ပါဒသျှင်၏ ဤစာအုပ်ပါကဗျာများသည် လှသော ချောသော ယဉ်သော တိမ်းညွှတ်စေသော နှလုံးသားခံစားမှု ကရုဏာ ရသကဗျာများပင်ဖြစ်သည် ဟု ညွှန်းပြုချင်ပါဘိတော့သည်။ ။

**မြင်းမူမောင်နိုင်မိုး**



မြန်မာတွေရဲ့ ချစ်သောဗိုလ်ချုပ်

## မြန်မာတွေရဲ့ ချစ်သောဗိုလ်ချုပ်

* ဒို့ဗိုလ်ချုပ်က
အနေစုတ်ပေမယ့်
ရွှေထုတ်တဲ့ မြပုဝါပါ။
* ဒို့ဗိုလ်ချုပ်မှာ
တန်ဆာပလာတွေ မရှိပေမယ့်
ကမ္ဘာကျော် ကုပ်အင်္ကျီက
ဒို့မြန်မာရဲ့ရာဇဝင်ပါ။
* ဒို့ဗိုလ်ချုပ်မှာ
အလှအပမရှိပေမယ့်
ကမ္ဘာမှာ . . .
"ဇ" ရှိတဲ့ ပုဂ္ဂိုလ်ထူးပါ။
* ဒို့ဗိုလ်ချုပ်ဟာ
ကမ္ဘာမှာ မြန်မာဟော့လို့
နေ့ထူးနေ့မြတ်ကို ဖန်တီး
ပြည်ထောင်စုကြီးကို
တည်ထောင်ပြုခဲ့သူပါ။
* ဒို့ဗိုလ်ချုပ်ကိုလေ
ကမ္ဘာတည်သရွေ့
မြန်မာတွေသတိ ရလေအောင်
ဒို့တစ်တွေ . . .
ကမ္ဘာမကြေ သီချင်းကို ဆိုလိုက်ကြစို့လား။ ။

# ဘွင့်လှတ်ပါဒအမေ



* အမေ့သား . . .
ကိုးလလွယ် ဆယ်လဖွား
သားလူဆိုးပါအမေ။
* မွေးကတည်းက
ချူခြာလှတဲ့သား
နေ့နေ့ညည အိပ်ရေးမဝလည်း
အမေ့ရဲ့ အပြုံးက ကမ္ဘာဆုံးထိ
အေးမြဆဲပါအမေ။
* ကျောက်သင်ပုန်းနဲ့ ကျောက်တံ
အဖန်ဖန်ကုန်လည်း
သားစာတတ်ဖို့အတွက်
အမေ့ ခြေလက်တွေက
ခွန်အားအပြည့်ပါ သားရယ်တဲ့
သားပညာတတ်ဖြစ်မှ

ဘဝအလှကို ဖန်တီး
ချွေးဒီးဒီး မကျမှာပေါ့
သားလူလေး အမေ့ရွှေသွေးကို
အများတကာက
ဆရာ . . . ဆရာနဲ့ ခေါ်သမျှကို
အမေထိုင်ကြည့် ပီတိဖြစ်ချင်တာသားရဲ့
သားရဲ့ ချွေးတစ်စက်နဲ့
ဟင်းတစ်ခွက်လည်း မစားချင်ပါဘူး
သားရဲ့ ချွေးတစ်စက်နဲ့
ပန်းမွေ့ယာပေါ်လည်း အိပ်စက်ချင်ပါဘူး
သားရဲ့ ချွေးအစက်စက်တွေနဲ့
ပြေး ဖက်ရင်
အမေရင်ထုမနာ အသည်းနာရမှာပေါ့
အမေ့ပီတိ နတ်ပြည်အထိ ရှိစေချင်တာ
အမေ့အပြုံးက ကမ္ဘာဆုံးထိပေါ့
အမေ့ ပုခုံးနဲ့ သားကို တွန်းတင်
အမေ ကျန်ခဲ့လည်း အပြုံးနဲ့ပေါ့
အမေ့သား ပင်ထက်ရောက်ရင်
အမေရှင်သန်ရတာ နေပျော်ပါပြီ
အမေ့သား အမေ့သားလို့
မော်ကြွားပြီး အော်ချင်တာသားရဲ့
အများတကာက အမြင်ကပ်လည်း
အမေ ကျေနပ်ပါတယ်။ ။

## ခွင့်လွှတ်ပါအမေ (၂)

* အမေ့သား လူလားမြောက်
ပညာတတ် ဘဝနဲ့
ပြည်ရွာအခေါက်ခေါက် တာဝန်ထမ်းတော့
သားကို အမေစိတ်မချ
အိပ်မရတဲ့ ညပေါင်းများစွာမှာ
သားလှလူလေး ဘေးကင်းစေဖို့
တောင်းဆုဝေတာလည်း အခါခါပါသားရဲ့။
* အမေ့ဆီကို တစ်ခေါက်ရောက်
အမေ့ ရင်ခွင်လောက် အေးချမ်းတာ
အာတိတ်သမုဒ္ဒရာတောင် မီနိုင်ပါဘူး
အမေချက်ကျွေးသမျှ
ငပိရည်တို့စရာကအစ
ကာလသားဟင်းအဆုံး
နွေးနွေးနဲ့ လွေးရင်ဖြင့်
သကြားမင်းတောင် သွားရည်ယိုပါရဲ့
အမေ့ရဲ့ ခနော်ခနဲ့ စံအိမ်က
သားအတွက် . . .
အေးမြတဲ့ သုခဘုံလေးပါပဲအမေ။

* ဩော် . . အမေ . . သားလေ
ချစ်ရသူ ပျို့ဖြူချောနဲ့
ဘဝလက်တွဲတော့မယ်ဆိုတော့
အမေ့မှာ . .
အံ့ဩမျက်ရည် အဝေဝေနဲ့
အပြုံးများနဲ့ စကားပြော
သားကျေနပ်ရင် အမေဘဝင်မချဲ့ပါဘူး
သားစိတ်ချမ်းသာရင် အမေရွှင်လန်းပါရဲ့
သားချစ်ရင် အမေအချစ်သစ်တိုးတာပေါ့
သား ပျော်သမျှ အမေ့ဘဝပါသားရယ်တဲ့
အများတကာတွေလိုပေါ့
စီဒိုးနား - ထရိန်းနားမှာ
ခမ်းခမ်းနားနား အတန်းအစားမြင့်မြင့်ပေါ့
တင့်တင့်တယ်တယ် အမေ့စိတ်ကူးက
သားလူလေးအတွက် မဖြစ်လာတော့
အမေ့ရင်မှာမော -
ခွင့်လွှတ်ပါတော့ သားရယ်တဲလေ။ ။

## ခွင့်လွှတ်ပါအမေ (၃)

* မိုးသို့မြင့်မား အမေ့စိတ်ထားက
သားလှလူလေး အမေ့ရွှေသွေးရေ
မြေးလေးကျန်းမာ သာပါရဲ့လား
ချွေးမဖြူချော သားချစ်ဇောရော
မာပါစေကြောင်း တောင်းဆုအမှာ
ပြောပြပါသား။

* သားငယ်လူလေး အမေ့ရွှေသွေးလည်း
သားလည်းကျန်းမာ လုပ်ငန်းခွင်မှာ
ပျော်စွာထမ်းဆောင် ထက်အောက်လယ်အား
တရားမျှတ စေတနာနဲ့
သွန်သင်ဆုံးမ ကိုယ်လည်းနာခံ
အဝေဖန်ခံမှ
ထင်ပေါ်အရည်အချင်း ထင်းထင်းဖြစ်မယ်
အဝေးရောက် ဆုံးမ အမေ့မေတ္တာက
သားဘဝတစ်ကွေ့မှာ
အမေက . . . လက်ဦးဆရာပါအမေ။

* သားလှလှလေး အမေ့ရွှေသွေးရေ
ဘဝဆိုတာ ပျော်သည်တစ်လှည့်
စိတ်ညစ်တစ်ခါ ရှိခဲ့ပါလည်း
ဒါဟာတဒင်္ဂပြင်ရတဲ့ အမှားတွေပါ
သံသရာလျှောက်လှမ်း ခရီးကြမ်းမှာ
နိမ့်သည်တစ်ခါ သာသည့်တစ်လှည့်
ဘာမထိပဲ့လို့ ကြွေးကြော်
အမေ့သား ပျော်အောင်နေပါသားရယ်တဲ့။

* အမေ့ဆီကို . .
တစ်နှစ်တစ်ခေါက် အချိန်မှန်မရောက်လည်း
အမေ့သားဝန်တာ ကြီးလေးစွာမို့
နေပါစေသား အမေနားလည်တယ်
အမေ့သားအတွက် ဂုဏ်ယူလျက်ပါ
အမေ့လည်း ကျန်းမာ သာပါတယ်သား
အမေ့အေးရိပ် နွေကျောင်းပိတ်ရင်
အမေ့မြေးလေး နုနုထွေးနဲ့
အမေ့ချွေးမ ဖြူလှလှကို
အမေရှိရာ တစ်ခေါက်တစ်ခါပေါ့
အရောက်လာဖို့ မှာတမ်းချွေကာ
အမေ့စာက သားအတွက်
အမောတွေပြေ အသောတွေနေခဲ့
အမေ အခုအချိန်လောက်ဆို
ပီတိတွေ ဝေနေလောက်မှာပေါ့နော်။ ။

## ခွင့်လွှတ်ပါအမေ (၄)

* ကိုးလလွယ် ဆယ်လဖွား
သားလူဆိုးပါအမေ။
* သားလူဆိုးတစ်ယောက် တစ်ခေါက်ရောက်ဖို့
သားနောက်ကျမှ သိခဲ့ရပြီ
သားဆီစာလွှာ အမေပါးလည်း
သားလေးရှိရာ အမေလာမယ်
သားနဲ့ချစ်မြေး ထွေးထွေးလေးကို
သားကိုယ်က ချီကာကသလို
သားရဲ့ရင်သွေး နုနုထွေးနဲ့
သားကလက်ခုပ် စည်းချက်လုပ်ပေါ့
သားတို့ပျော်ရာ နိဗ္ဗာန်သာမှာ
သားရယ်အမေရယ် ချစ်မြေးလေးရယ်
မသွေပျော်ကြ ကွေးအောင်ကမယ်
စာလွှာရေးထား အကြံပါးဖို့
ငါ့သားဆီကို ပို့ပေးပါတဲ့
အားခဲ့ထားသည့် ကျွန်တော့်အမေ။

* သားဆီရောက်လျှင် သားငယ်စဉ်က
တောက ကြက်သား ကာလသားဟင်း
ချက်ချင်းချက်ဖို့ တို့ရွာတောင်ပိုင်း
မောင်ဝိုင်းခြံက ကြက်သားမိတစ်အုပ်
အမေအလုပ်လုပ်ပြီး ဝယ်ကာမွေးထား
အမေ့သားနှင့် ချွေးမသစ်တွက်
ရန်ကုန်တက်လျှင် ယူခဲ့မယ်။
* သားဆီရောက်လျှင် သားငယ်စဉ်က
ငှက်ပျောဆင်စွယ် ညှိသွယ်သွယ်ကို
တကယ်ကိုကြိုက် မြိုက်မြိုက်ကာစား
ဗိုက်ဖောင်းကားမှ ကျေနပ်ရပြီ
သားလှအကြောင်း ကောင်းကောင်းသိလို့
ခြံစောင်းတစ်လျှောက် ပျိုးသင်ပေါင်းနှုတ်
အမေအလုပ်လုပ်ပြီး
အခိုင်ကြီးကြီး အသီးလှလှ
ရွေးကာထားတယ် ချစ်သားရယ်တဲ့။
* သားဆီရောက်လျှင် သားငယ်စဉ်က
ငချိတ်ကောက်ညှင်း ဆီထမင်းနဲ့
တင်းတင်းကင်ထား ငါးရံ့သားကို
အားပါးတရ ဝဝစားသည့်
မြင်မိပုံရိပ် အမှတ်တံဆိပ်ကြောင့်
ကြိပ်ခွဲစုထား ကောက်ညှင်းများနဲ့
အသားငါးခြောက် အရိုးကောက်ပြီး
ကြပ်ထောက်တင်ထား အမေသိမ်းထားတယ်
သားငယ်စားဖို့ မြိန်ဖို့ပေါ့တဲ့။ ။

## ခွင့်လွှတ်ပါအမေ (၅)

* ကိုးလလွယ် ဆယ်လဖွား
သားလူဆိုးပါအမေ။
* ပါဒသျှင်
မင်း ရှင်သန်နေပေမယ့်
မင်းရဲ့ မွေးမိခင်မေမေ
မင်းရဲ့ ကျွေးရှိရှင်မေမေ
မင်းရဲ့ ချွေးသိပ်သခင်မေမေ
မင်းရဲ့ သွေးစစ်စစ်မေမေ
မင်းရဲ့ စကြာဝဠာမေမေ
မင်းသိပ်ချစ်တဲ့ မင်းရဲ့မေမေ
မင်း အခြေအနေကို သိချင်အမြန်လာ
မြန်မြန်သာချီခဲ့ပေတော့။ ။
* မှိုင်းပျပျ နှိုင်းမရတဲ့ အမေ့ရဲ့စံအိမ်
လွန်နှစ်နှစ်ဆယ်က အမေ့အိမ်
ပြောင်းမလဲ ဟောင်းမြဲပေါ့ အမေ့အိမ်
ခနော်ခနဲ့ ယိုင်ရဲ့ရဲ့ အမေရဲ့အိမ်
အမိုးအကာ ကျို့တို့ကျဲတဲ ဘဝမွဲတဲ့အမေအိမ်
သားပစ်ပယ်တစ်ယောက်ထဲ အမေ့အိမ်
အမေ့အိမ်အောက် ကျွန်တော်ရောက်ခဲ့
စောင့်ကြိုနေတဲ့ အမေ ..... အမေ။

* အမေ့မှာတမ်း
မင်းအတွက် စာကြမ်းပေမယ့်
မင်းလာမှန်း မသိလို့
မင်းရှိရာပို့ပေးဖို့တို့များဆောင်ခင်
မိုးမှောင်ပင် ကျခဲ့ပေါ့
ရော့ . . . . . မင်းအမေရဲ့စာ။

* အမေ့စာ သားရင်မှာ မချို့ပေါ့
အမေလက်ရေး
ကောက်တွေကွေး အကွာရာ
ခဲတံကို တံတွေးဆွတ်
ဘွတ်ဖျက်အဖုံဖုံနဲ့
ကရုဏာအလုံးစုံကို
ကုံလုံအောင်ရေးထား
သားလေးရေလို့ အစချီ
သားရင်မှာ မချိုပြီအမေ
သားမိုက်လို့ အများတကာခေါ်
သားဆိုးလို့ အများက မြင်
သားကိုခေါ်ချင်သလို ခေါ်
သားကိုမြင်ချင်သလို မြင်
သားအပြစ်မမြင်ပါဘူး အမေ
အမေ့ကိုပစ်ထား အပေါ်ယံအချစ်များနဲ့
အမေ စားစရာရှိလားလည်း မမေး
အမေ နားခိုစရာရှိလားလည်း မတွေး
အမေ ဝတ်စရာမရှိလည်း အေးအေး
အမေ ကျန်းမာရဲ့လားလည်း သတိဝေး
အမေ့ကို ကရုမစိုက်

သိပ်မိုက်တဲ့သားပေမို့
မရဏမင်းရိုက်လည်း ခံ
ယမမင်းမှတ်လည်း မတန်
အဖန်ဖန်ငရဲမှာ သားခံပါမယ်အမေ
အမေ့သားအဖြစ်နဲ့ သားမတန်ပါဘူး
အမှားဝဂ်ဘာမှာ တရားဝင်သွားလေတော့
* ခွင့်လွှတ်ပါအမေလို့ တောင်းပန်လျှင်
အမေ . . .
ခွင့်လွှတ်မှာလား အမေရယ်
ခွင့်ပြုတာလား အမေရယ်
ခွင့်တစ်ခုတော့ ပြောခဲ့ပါလား အမေရယ်။ ။

ပါဒသျှင်
၁၀-၅-၂၀၁၅
အမေနေ့တွင် စတင်ရေး၍

## ချစ်သောအဖေ

* အဖေဆိုတာ . . .
ကျောသားရင်သား မခွဲခြားဘဲ
သားသမီး ဇနီး ရှုမငြီးအောင်
စည်းကမ်းတကျ အချိုးကျဖို့
ရှေ့မှုမတ်မတ် ခိုင်ခိုင်ရပ်၍
စေ့စပ်သေချာ အိမ့်ဝန်တာကို
သစ္စာရှိစွာ ထမ်းဆောင်ရာသည့်
အာဂ ဖခင်ညွှန်းဆိုချင်ဘို့။

* အဖေဟူသမျှ . . .
သူ့ကျွန်လည်းဖြစ် နှံ့နစ်စဉ်က
ပြည်ခွင်တရိုး နယ်ချဲ့ဆိုးကို
ကိုယ်ကျိုးမငဲ့ တိုင်းပြည်တွက်ဟု
အသက်သွေးချွေး များမြောင်ပေး၍
လွတ်လပ်ရေးကို ယူခဲ့၏။

* အဖေတို့မှာ . . .
ဖက်ဆစ်မျိုးယုတ် မိစ္ဆာငုတ်ကို
မျိုးပြုတ်အောင်ရှင်း ရန်ပုံခွင်းပြီး
အလင်းရွှေရောင် ပြည်သစ်ဆောင်လို့
အောင်လံလွှင့်လွှင့်ထူခဲ့သည်။

* တို့အဖေသည် . . .
စနစ်ခေတ်ပြောင်း ပြည်သစ်လောင်းကို
သားကောင်းပီသ အုတ်တစ်ချပ်မျှဖြင့်
ကျရာတာဝန် ထမ်းကျေပွန်ခဲ့
ဒီမိုကရေစီ လမ်းသစ်ဆီတွင်

ဖွင့်လှစ်လျှောက်လှမ်း ဘေးမသန်းအောင်
အေးချမ်းပါစေ မြန်မာပြည်ဟု
တောင်းဆု ချွေချွေပြုသည့် အဖေ။
* အဖေ့မေတ္တာ ကရုဏာသည်
ကြည်သာရွှင်ပြ ပြုံးပန်းလှ၍
နေရောင်လရောင် ပမာဆောင်သည်
နှောင်လည်းမကြွေ ခိုင်မြဲစေ၏
အမေ့မေတ္တာ မုဒိတာသည်
လေမှာသင်းသင်း တိမ်လွှာခင်းလို့
အဆင်းတောက်ပ ရှုတိုင်းလှခဲ့
တမ်းတမကုန် အဖေ့ဂုဏ်သည်
ဝသုန်ထက်မှ မြင့်မိုရ်မျှသို့
များလှ ကျေးဇူးကြီးတကား။ ။
* အဖေများသည် . . .
အမျိုးဘာသာ သာသနာနှင့်
ဒို့စာဒို့ရေး ဒို့အတွေးနှင့်
မနေးပြန့်ပွား အသိတရားနှင့်
စကားကတိ မြတ်ထားရှိ၍
ဇာတိချက်ကြွေ မွေးရပ်မြေကို
ဝေဆာဖွံ့ဖြိုး အလှတိုးဖို့
အမျိုးဂုဏ်တင့် အားဟန်ဝင့်လျက်
ညီညာလက်တွဲ မိဋ္ဌာန်ဖွဲ့ဖြင့်
နှောင်မြဲတာဝန် ကျေပွန်စွာနှင့်
မခွာအသိတရားရှိသည့်
မြတ်သည့် ဖခင်ပါတကား။
တုနှိုင်းမရ ဖခင်များ။ ။

## တို့အားလုံးရဲ့ အဖေ

* အဖေဆိုတာ စကြ်ာဝဠာကိုစိုးမိုး
ဘုန်းတန်ဖိုး ရှိသူပါ၊
အဖေဆိုတာ မဟာတံတိုင်းလို
ထာဝရခိုင်ခန့်သူပါ၊
အဖေဆိုတာ ကန္တာရကိုဖြတ်
အိုအေစစ်ကို ရှာဖွေပေးသူပါ။
* အဖေက လမင်းတစ်စင်းပါပဲ
အဖေက စမ်းရေပမာ အေးမြစေတယ်
အဖေက စိမ်းလန်းတဲ့ တောအုပ်ကို အရိပ်မိုးပေးသူပါ
အဖေက ပန်းတို့ရဲ့ ရှေ့ဆောင် အရှင်သခင်ပါ။

* အဖေတို့ဟာ . . .
ကိုယ်မြေလွတ်လပ်အောင်
ပေးဆပ်ခဲ့သူတွေပါ၊
အဖေတို့ဟာ . . .
လွတ်လပ်မြေကို ကမ္ဘာသိကြေညာ
အသေအချာ ထိန်းသိမ်းခဲ့သူတွေပါ၊
အဖေတို့မှာ . .
မိသားစုကို ကာကွယ်
ကိုယ့်အိမ်ကို တည်ဆောက်
ကိုယ့်လမ်းကိုယ်တွင်
ကိုယ့်ဥယျာဉ်ကိုပျိုး
ကိုယ့်လက်နဲ့ ဝမ်းဆာရှာ
ကိုယ့်လက်နဲ့ အဝတ်တန်ဆာပလာပါမကျန်
ကိုယ့်ချွေးဖြူဖြူနဲ့
ကိုယ့်အတွက်ကိုဘေးဖယ်
အန္တရာယ်အသွယ်သွယ်ကြားက
စိတ်ထားမွန်မြတ်
မိသားစုရှေ့ မားမားရပ်ခဲ့သူပါ။
* အဖေဟူသမျှ
စည်းကမ်းတကျ နည်းလမ်းပြ
ရှေ့ကဦးဆောင် ခေါင်းဆောင်ကောင်းတစ်ဦးပါ၊
အဖေဟူသမျှ
ကျောက်ဆောင်လိုခိုင်မြဲ မြတ်သောဇွဲနဲ့
ခရီးကြမ်းမှန်သမျှ ကျော်ဖြတ်ရဲ့တဲ့
သူရဲကောင်းတစ်ဦးပါ။

* အဖေမရှိလျှင် . . .
ရွှေရှိလည်း ပြည့်စုံဘူး
ငွေဆိုတာ ဗလာနိတ္တိ၊
အဖေမေတ္တာ ကရုဏာက
ဘယ်အရာနဲ့မှ နှိုင်းမကုန်
အဖေ့ဂုဏ်က မြင့်မားလျက်ပါ၊
အဖေ့သစ္စာ မုဒိတာက
ဤကမ္ဘာမြေတစ်လွှား
ပြိုင်စံရှားသည့်
အာဂလူသား စိတ်ထားမြင့်မြတ်သူပါ။
* အဖေမရှိရင် . . .
တို့တစ်တွေ
ကြွေကျပန်းလို မြေခလည်း
နမ်းသူကင်းမဲ့
ပန်သူရှင်းလျက်
တွယ်ရာမဲ့ဘဝ
ရင်ဆိုင်ရမှာ အားငယ်။
* အဖေရှိစဉ် . . .
အဖေ့စကားနည်းလမ်းများနဲ့
အဖေ့ စိတ်ဓာတ်ရင်ထဲအပ်ပြီး
အဖေ့ ဂုဏ်ဖြပ်သမိုင်းမြတ်ကို
အဖေ့ ခြေရာနင်းနိုင်ပါမှ
အဖေ့ကျေးဇူးဆပ်ပေတည်း။ ။

## ပြန်လာခဲ့ပါအဖေ


* ဒီလမ်းလေး . . .
သမီးငေးကြည့်ရတာ အမောပေါ့အဖေ။
* အဖေလျှောက်ခဲ့တဲ့ဒီလမ်း
ဆူးခင်းလမ်းတွေ ဆီးလို့ကြို
ခယောင်းလမ်းမြေ ရှုပ်ရှုပ်ထွေးကို
ပြုံးပြုံးလေး ကျော်ဖြတ်လို့ထွက်သွား
မတ်တပ်ရပ်လို့ သမီးငေးကြည့်
ပီတိတော့ ဖြစ်ချင်ပါရဲ့ အဖေရယ်။
* စစ်ထွက်သွားတဲ့ အဖေ
အဖေ့ရဲ့ မြူးကြွတဲ့ အပြုံးက
သမီးအတွက် အမှတ်တရလား အဖေ၊
စစ်ချပ်တန်ဆာအပြည့်နဲ့
ရင့်ကျက်တဲ့ဇာတိမာန်က
ငါ့မြေကို တစ်သက်မထိရင်ဖြင့်
ကမ္ဘာသိအောင် မြန်မာဟော့လို့ကြွေးကြော်
ပထဝီမြေကြီး တုန်ဟီးသွားတဲ့အဖေ။
* ပြန်လာခဲ့မှာ သမီး . . .
မြန်မာပြည်ကြီး ငြိမ်းအေးတဲ့တစ်နေ့
လောဘ ဒေါသ မောဟတွေကင်းစင်တဲ့တစ်နေ့
မာန်မာန အာဃာတတွေ ပျောက်ကွယ်တဲ့တစ်နေ့
အယူဝါဒတွေ မဖြိုမ ကျတဲ့တစ်နေ့
ချစ်ခြင်းတရားတွေ သံပြိုင်သီဆိုတဲ့တစ်နေ့
တစ်နေ့ . . . တစ်နေ့
အဲဒီတစ်နေ့တွေနဲ့ အတူပေါ့။
* အဖေ . . .
အပြုံးတွေနဲ့ ကတိတွေပေး

နှလုံးရည်နဲ့ ကာကွယ်ပေး
အမုန်းကိုခွင်း ချစ်ခြင်းတွေပေးဖို့အတွက်
အဖေစစ်ထွက်ရတာပါ
ပြန်လာခဲ့နော် အဖေ
အခါခါအဖေ့ကို နမ်း
အသားကြွမ်းကြွမ်း အဖေ့ရဲ့ပါးပြင်က
သမီးနမ်းမဝခဲ့ပါဘူး အဖေ
သန်မာတဲ့ အဖေ့လက်ကိုဆွဲ
ဟိုး . . . ကမ္ဘာထဲသွားလည်ချင်ရဲ့
အဖေ့ရဲ့ ပခုံးကိုမှီ
အဖေ့ရဲ့ လည်ကိုတွဲလွဲခို
အဖေ့ရဲ့ သားချော့တေးနဲ့
အိပ်စက်ချင်တာပါအဖေ
အဖေရဲ့ အပြုံးတွေက
လမင်းဆယ်စင်းထက် သာပါတယ်

* ပြန်လာခဲ့ပါအဖေ
အောင်သပြေပန်းနဲ့ သမီးစောင့်နေတာ
ရက်လနှစ်တွေ ငိုရောပေါ့
သမီးမောပါဘူး အဖေရယ်
အဖေပြန်လာခဲ့မှာတဲ့
သမီးအဖန်တရာ ကြားခဲ့ရတဲ့ စကားပါ
အဖေ . . .
ပြန်လာခဲ့ပါ အဖေ
ပြန်လာပါတော့ အဖေ
ပြန်ခဲ့ပါတော့ အဖေ။ ။

**[အဖေ(ဖခင်)များနေ့တွင်ရေးသားပါသည်]**

# မြတ်သောဆရာ



* လက်ဦးဆရာ မည်ထိုက်စွာဟု
ပုပ္ပါစရိယ မိန့်ဖလို
ကရုမေတ္တာ စေတနာနှင့်
သုံးနာရှေးရှု ရှေ့ဆောင်ပြု၍
အနုစိတ်သွေး မှုန်းခြယ်ရေးသည့်
ပေးဆပ်သည်မှာ မြတ်ဆရာ။

* ဆရာဟူသည် . . .
တိုင်းပြည်လူမျိုး ချစ်မြတ်နိုးလျက်
ကိုယ်ပျိုးသည့်ပန်း မညှိုးနွမ်းအောင်
ကြိုးပမ်းပေါင်းသင် လောင်းရိပ်မဝင်ဘဲ
ရွှေစင်သွန်းမြ ဥယျာဉ်လှဖို့
ချွေးစိုစို မေတ္တာပိုသည့်
ချိုမြကြည်သာ မြတ်ဆရာ။

* ဆရာဟူက . . .
ရုပ်မြတ်မရွေး သင်အံပေး၍
အားဆေးပညာ တိုက်ကျွေးရှာသည်
မေတ္တာမခမ်း သွင်သွင်ဖျန်းရင်း
ပန်းတို့လန်းလျှင် ပြုံးပျော်ရွှင်ခဲ့
ရင်နှင့်သည်းချာ ပြည့်ရတနာကို
ဝေဆာပီတိ ဂွမ်းဆီတိနှင့်
အသိဉာဏ်တပ် ဆက်နှင်းအပ်သည့်
မြတ်သောဆရာ မြတ်ဆရာ။

* ဆရာများသည် . . .
တစ်ထောင်မသာ ပန်းရိုင်းများ၌
လမ်းမှားလျှောက်မိ ချင်းချင်းသိက
မှားသည့်တပည့် လမ်းကောင်းတည့်ဖို့
သဲ့သဲ့တိုးတိုး ကိုယ့်မာန်ချိုးလျက်
ချော၍တစ်မျိုး ခြောက်၍တစ်ဖုံ
ဘယ်ပုံဘယ်နည်း ပမာနီး၍
အံချီးသွန်ပြ ဆိုဆုံးမ၏
လှပထုံသင်း ပန်းရိုင်းခင်းကို
ရင်တွင်းမေတ္တာ မြတ်သစ္စာနှင့်
တွယ်တာနှောင်ရစ် ခွန်းချိုလှစ်သည့်
ပန်းနှစ်မွေးသည့် အလှဆရာ
အားသစ်ပေးသည့် ဘဝဆရာ
သမိုင်းသစ်ရေးသည့် မြတ်ဆရာ။ ။

## ဂန္တဝင်ထဲက ဥယျာဉ်မှူး

* ဆရာအတတ်သင်ခဲ့တာပါ . . .
အနာဂတ်တိုင်းပြည်အတွက်
အဖူးအငုံ အသွေးစုံကို
အကုန်အလုံ အညွန့်တလူလူဖြစ်ဖို့အရေး
စေတနာ မေတ္တာ
ကရုဏာ အနစ်နာ
မုဒိတာတွေပေး
ပေးဆပ်ခြင်းများနဲ့ စာတွေသင်
အနန္တဂိုဏ်းဝင်ချင်လို့ ဟုတ်ပါဘူး။

* ဆရာ အတတ်သင်ခဲ့သည်မှာ . . .
နွေဆိုလည်း ဖုန်ထူထူ
ဟိုး. . . လွင်တီးခေါင်က စာသင်ကျောင်းလေး
မိုးဆိုလည်း ချောင်းအသွယ်သွယ်ဖြတ်
ကွင်းလယ်ပြင်က စာသင်ကျောင်းလေး
ဆောင်းဆိုလည်း အနွေးထည်မကူ
တောင်ကမူက စာသင်ကျောင်းလေး
အပြေးလေးသွား
ကလေးများရဲ့ အပြုံးအလှက
"မင်္ဂလာပါဆရာမ" ဆိုရင်ဖြင့်
အမောတွေပျောက်၊ အသောတွေမှောက်
မနောတွေရောက်လို့
ပီတိကိုစား အားဖြစ်ရတာပါ။
* ဆရာအတတ်ဆိုသည်က . . .
ဝါတနာကို အရင်းခံပြု
မြေဖြူမှုန့်ကို တဝရှူ
အလှဟူသမျှ ဘေးဖယ်ထား
နှလုံးသားနဲ့ စာတွေသင်
အပြုံးလှလှ ဝေဝေဆင်
ရာဇဝင် စာတင်ချင်လို့ဟုတ်ပါဘူး
ဒါပေမယ့် . . .
ဂန္တဝင်ထဲက ဥယျာဉ်မှူးပါ။

"ကကြီးခကွေးမှ အစပြု၍ လောကနီတိ အသုံးသင်ကြား ပေးခဲ့ကြသည် ဆရာ/ဆရာမ အားလုံးတို့ကို ဂါရဝပြု ကန်တော့အပ်ပါသည်"

## အလွမ်းဝေတဲ့ ကျောင်းတော်မြေ

* ကျောင်းတွေဖွင့်ပြန်ပြီမေ
အလွမ်းပြေရာ ကျောင်းတော်သာကိုတစ်ခေါက်
မောင်ရောက်ခဲ့ပြန်ပြီ။
မြေနီလမ်းနီနီလေးမှာ
အပြေးအလွှားနဲ့ တို့များကစား
ကျောင်းသွားခဲ့တာကို ပြန်သတိရ
လွမ်းခဲ့ရပြန်တယ်။
* စာတွေအံနေပြီမေ
မပီကလာ ပီကလာနဲ့
စီကာနွဲ့ သီကာရေး ကကြီးခခွေး
အဖော်တကာနဲ့ အော်ကာဆို
ပျော်စရာကို ပြန်သတိရ
ကလေးဘဝကို တမ်းတလွမ်း
ဟိုး . . . အဝေးမှာ ကျန်ခဲ့ပြီမေ။
* ဘဝအလှနယ်မြေ
ကျောင်းတော်မြေကို
တစ်နှစ်တစ်ခေါက်
မှန်မှန်ရောက်လည်း
အလွမ်းတွေပျံ့
ပန်းမြေရနံ့ကို
နမ်းရှိုက်ရှူမဝ
တမ်းတတိုင်းလှနေတဲ့
ပန်းရိုင်းဘဝကို သတိရတယ်မေ။

## ထာဝရမေတ္တာ

* အသွေးအသား ညီနောင်တွေ
ဘေးစကားတွေ ခဏထား
အလေးထားရမယ့်အရေး
ပြေးလို့မြင်နေပြီ။

* စနစ်တွေ ဘေးဖယ်
ဝါဒစွဲတွေစွန့်ပစ်
အာဃာတတရားတွေ နင်းခြေလို့
အမိမြေသွေးသားတွေအတွက်
ဖေးမဖို့ အချိန်တန်ပြီ။

* ဘာသာတိုင်းရဲ့ အဆုံးအမ
သတ္တဝါတိုင်းကို မေတ္တာထား
ကရုဏာထာဝရအပြုံးနဲ့
စေတနာပီတိ ဖုံးနေရအောင်
နောင်သံသရာ ဘဝအရေးကိုဖြင့်
အခု . . . . .
ခဏလေးဖြစ်ဖြစ် ကူညီရအောင်
မြန်မာ့အရေးမို့ ဆော်ဩပါတယ်
ကဲ. လာကွယ်မနှေးသွားကြမယ်။

**"မြန်မာပြည်အနှံ့ ရေဘေးသင့်ပြည်သူများကို ကူညီပေးကြပါရန် ဤကဗျာဖြင့် လှုံ့ဆော်အပ်ပါသည်"**

၃-၈-၂၀၁၅

## အတ္တနှင့်ပရ

* ကြီးပွားဖို့အတွက်
နည်းလမ်းများလည်း ငါရှာတယ်။
* ရိုးသားဖို့အတွက်
မုသားကိုလည်း ငါရှောင်တယ်။
* နိုးကြားဖို့အတွက်
အချိန်များစွာလည်း ငါကျော်ဖြတ်ခဲ့တယ်။
* သို့ပါသော်လည်း . . .
ငါတို့ဘာကြောင့် နောက်ခေါက်ကျကျန်
အဖန်ဖန်တွေးကြည့် အဖြေညှိမိ
အစွတမှာ အတ္တနည်းပါး
ပရများခဲ့၏ အဖြေသိ။
* သတ္တလောက လူ့လောကဌ်
အတ္တများလျှင် လူ့ဝန်းကျင်တွင်
နင်ငါလူသား တစ်ဘဝတော့
များစွာစံစား ပျော်မွေ့ရာ၏
သို့ပါသော်လည်း သေပြန်ငရဲကျစမြဲ။
* ပရများလျှင် လိုအင်စီးပွား
ကြီးစားရှာချိန် အချိန်ကုန်ခမ်း
ဝမ်းရေးမလှ ပရလောက။
* အတ္တလည်းရှာ ပရလည်းရှိ
မဖွှိမလမ်းစဉ် ဤကျင့်စဉ်ကို
အသင်လူသား . . .
ငါမသုံးခဲ့မိပါတကား။ ။

## သီဟာဒီပအလွမ်း

* သံလျင်မြို့ကိုဝင်
မှိုင်းပျပျလွမ်းစေတီက
ခရီးဦးအစ ဆီးလို့ကြို
သမိုင်းအစက တမ်းတခြင်းတွေနဲ့
နှိုင်းမရတဲ့ ချစ်ခြင်းမြေခပေါ်
မင်းနန္ဒာသခင်လေးကို စောင့်ရင်း
စိတ်ခြင်းလည်းမြဲ တူမခွဲ
အသည်းအူလှိုက် မျက်ရည်ဝဲခဲ့ရသည်က
ရှင်မွေ့လွန်းရဲ့ လွမ်းစေတီ။
* ရှေးနှစ်ပေါင်း ၂၆၀၀ ကျော်က
တည်ထားခဲ့ ကျိုက်ခေါက်စေတီ
ကြည်ညိုဖွယ် အံ့မခမ်းဖူးမျှော်
ထူးတာလည်း တွေ့ခဲ့ရ
လွမ်းရတသသနဲ့
ရတုရှင်နတ်ရှင်နောင်မှာ
မြောက်ဘက်စောင်းတန်းမှာလဲလောင်းအိပ်စက်
ဂူပျက်ဟောင်းဆွေးဆွေးကိုဖြစ်
နှောင်းတမြေ့မြေ့ကြည့်ရင်း
အတိတ်အကြောင်းက သူတို့ချစ်ခြင်း
သမိုင်းအသစ်မဖြစ်ပေမယ့်
နတ်ရှင်နောင်နဲ့ ဓာတုကလျာအချစ်က
ဒီနေ့ခေတ်ထိ ဂန္ထဝင်တင်
မြန်မာမှန်လျှင် သိကြပါသတဲ့
သံလျင်မြို့ရဲ့ ရာဇဝင်။

* သီဟာဒီပကျွန်း ဟိုး . အစွန်းဆီက
အံ့ဖွယ်တန်ခိုး အဖြာဖြာနဲ့
တင့်တင်သပ္ပာယ် ကျိုက်မှော်ဝန်းရေလယ်စေတီကိုဖြင့်
ဦးခိုက်လို့ ကြည်ညိုဖူးမျှော်
ဟိုမှာဘက်ကမ်းဆီက
လယ်ကွင်းပြင် ဝါဝါဝင်းတွေနဲ့
မင်္ဂလွန်းကမာကလုတ်လမ်းမှာက
လွမ်းမောဖွယ် ထန်းပင်တောအလှဝေ
ပန်းချီကားတစ်ချပ်လိုရသ
အထပ်ထပ်ကို ကြည်နူးမိတယ်။
* မှော်ဝန်းရဲ့ ဟိုမှာဖက်ကမ်း
ကုန်းတန်းနဲ့ ဖွဲ့ဘာခင်ဗျာ
ပင်လယ်ပြာကို မေးတင်လို့
ဆွေးတတ်ရင် မလာပါနဲ့
တေးထပ်ကဗျာတွေ အခါခါရွတ်လည်း
ပင်လယ်ပြာဒီစခန်းကိုတော့
မေ့တတ်မယ်ထင်ပါဘူးတဲ့။
* ထူးခြားတဲ့ ရွာမီးပြကတော့
ပြာနှမ်းနှမ်း ပင်လယ်နံ့ဘေးက
ကျောက်ဆောင် ကျောက်ခက်
ကျောက်ပန်းမြတ်စွယ်မှာ
စေတီတစ်ဆူ အံ့ဖွယ်ထူးလို့
ဖူးမျှော်ဦးခိုက် ကြုံကြိုက်ခဲ့ပေမယ့်
တစ်ခေါက်တစ်ခါတော့
အရောက်လာချင်ပါသေးတယ်။

* သီဟဒီပရဲ့ သခင်
ပါဒမြို့ဟောင်းကိုဝင်တော့
ဘုရားစေတီ ပုဂံထက်စည်သတဲ့
အထက်မှာ ပုဂံ
အောက်မှာ သီဟဒီပ
စည်ကားခဲ့တဲ့ တိုင်းပြည်ကြီးတွေပါ
သမိုင်းတင်ခဲ့ ဘာသာနဲ့
ကမ္ဘာကို သိစေခဲ့တဲ့
လက်ဖျံရိုးတစ်ချောင်းပိုင်ရှင်
သမိန်ဗရမ်း လူစွမ်းကောင်းက
သီဟဒီပရဲ့ သူရဲကောင်းပါ
ပါဒဆံတော်ရှင်ကို ဖူးမျှော်
ရသများစွာ ရင်ထဲတိုးဝင်
သီဟဒီပရဲ့ ရာဇဝင်ကတော့
လွမ်းတသသနဲ့ ကျန်ရစ်
သမိုင်းအစစ်တစ်ခုပါပဲ။

## လမြတ်တန်ဆောင်တိုင်

* ဝသန်မိုးကုန် ငွေနှင်းခြုံပြီ
ဖူးငုံပွင့်က ပန်းမျိုးလှတို့
မွှေးမြသင်းကြိုင် ရနံ့လှိုင်သည်။
* မိုးလေကင်းစင် ပြည့်ရွာခွင်ဝယ်
ရွှေစင်စပါး ကောက်ပဲများတို့
ဌားဌားဝင့်ဝင့် ကြွားကြွားစွင့်လျက်
ဆင့်ဆင့်ငေးမျှော် ရှုတိုင်းပျော်ခဲ့။
* နက္ခက်စုံညီ ဤရာသီသည်
ရာသီပြိုင်ဆွ တန်ဆောင်လဟု
ဗုဒ္ဓဘာသာ ထုံးတမ်းလာနှင့်
ပြည်ရွာတစ်ဝှမ်း လက်ဆင့်ကမ်းခဲ့
လှူဒါန်းနိဗ္ဗူ တောင်းဆုယူကြ
ကပ်လှူဆင်နွဲ ကထိန်ပွဲများ
ခြိမ့်သဲစည်ယံ မိုးထက်သို့လျှံ။

* ဆီမီးထိန်ထိန် ထွန်းညှိချိန်တွင်
ရောင်ရှိန်သာလင်း လပြည့်ဝန်းက
အဆင်းပြည့်ဝ တန်ဆောင်လကို
ချပြဖော်ကျူး ဆောင်းလေမြူးနှင့်
ကြည်နူးလှျှဒါန်း မျှော်ရည်မှန်း၍
ရက်ကန်းခတ်သူ လုံမဖြူတို့
ညီတူကြိုးပမ်း၊ (မ)သိုးသင်္ကန်းဖြင့်
ရွှင်လန်းကပ်လှူ ပန်ဆုယူသည်
များသူပြည်သား သူတော်များလည်း
တရားပျော်မွေ့ မြတ်ဓလေ့ကို
မမေ့ကောင်းမှု အစုစုဖြင့်
အနုမောဒနာ၊ ပြုံးပန်းဖြာပြီး
သာဓု သာဓု ခေါ်ပေတည်း။
ဗုဒ္ဓဘာသာ အဓွန့်ရှည်သတည်း။ ။

Commerce ဂျာနယ် Volume 9 No 41
26-10-2009 (Monday) ဖော်ပြပြီး


ဈေးသည်

## ဈေးသည်

* နံနက်မိုးသောက် အလင်းရောက်မှ
လမ်းပျောက်နေဝင် ညစင်စင်ထိ
နှုတ်ရွှင်ပြုံးပြ ဈေးရောင်းရသည့်
အညတရ အိုဈေးသည်။

* လာပါအစ်ကို ယူပါအမ
သင့်မျှဈေးနှုန်း အများသုံးနိုင်အောင်
အားလုံးကျွန်တော် ဈေးတော်တော်နှင့်
အော်ခေါ်ရောင်းသည့် အိုဈေးသည်။

* တချို့က . . .
ဈေးသည်လမ်းဘေး အထင်သေးသည့်
မေးခေါ်ပြောထူး မာနကျူးရင့်
ဦးစွာခွဲခြား ကြဲဖန်များ၍
နားလည်မှုဖြင့် လူ့ရေးခွင်ဝယ်
ရင့်ကျက်ခဲ့ပြီ အိုဈေးသည်။

* သမုဒ္ဒရာ ဝမ်းတစ်ထွာတွက်
ရှာဖွေစားသောက် မရှက်ကြောက်ဘဲ
နောက်မှ အရှေ့တောင်မြောက်ရွေ့၍
တွေ့ကြသူငါ၊ ပြုံးပျော့ဖြင့်
မေတ္တာဆင့်ပွား၊ စေတနာထားခဲ့
စားသောက်နေ့စဉ် ကျေးဇူးရှင်ဟု
သိမြင်ရိုကျိုး၊ အားသစ်နိုးရင်း
ကြိုးစားပျော်သည် အိုဈေးသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၁၅)
၂၀၀၈ ခုနှစ် ဇွန်ဇင်ဘာ

## မောင်

* ဖေ့ဘွတ်ပေါ်မှာ ပေါ်ပြူလာဖြစ်
လူတကာခြစ်နေတာ မောင်တဲ့ဗျာ။
* အနှောင်အဖွဲ့ရှိသူကလည်းမောင်
ကလောင်လက်တည့်စမ်းသူကလည်းမောင်
ပျို့ပျို့တွေကလည်းမောင်
မစိုတစိုတွေကလည်းမောင်
ကိုကိုတွေကလည်း မောင်
အကြံအဖန်သမားတွေကလည်း မောင်
မျက်ကန်းမျိုးချစ်ကလည်း မောင်
ပုဂ္ဂိုလ်စွဲအတိုးချစ်ကလည်း မောင်
ခရိုနီကလည်း မောင်
ကိုလိုနီသမားကလည်း မောင်
မောင်, မောင်, မောင်နဲ့
သောက်မြင်ကပ်အောင်မောင်
ဖေ့ဘွတ်ဖွင့်တိုင်းမောင်
မောင်တွေခေတ်စား
ငကြောင်တွေများတော့
MPT အော်ရီဒူးနဲ့ တယ်လီနော
သဘောပိုခွေ့ မနောပိုတွေ့
ဟော့ . . . မြန်မာတွေ ၅% အခွန်မေ့
မောင်, မောင်, မောင်, ။ ။

## ပန်းပိတောက်ဖူးနှင့်အတူ

* ရွှေရည်ရင်လူး ပိတောက်ဖူး၍
 လတန်ခူးကိုဖြင့် ရောက်ပြန်ပြီ။
* ခိုင်ဝါပိတောက် ဤလရောက်လျှင်
 တစ်ခေါက်လောက်တော့ ပြန်ချင်သည်။
* မြို့ရိုးတောင်ပေါ် စေတီတော်အား
 ဖူးမျှော်မိချင်ပါသေးသည်။
* ထန်းပင်သွယ်တန်း ကျိုက်မရောလမ်းမှာ
 လျှောက်လှမ်း ပျော်မြူးချင်သေးသည်။
* မုဒုံကန်ကြီး လှမငြီးအောင်
 Nutaral လေးအတိုင်း ထားချင်သည်။
* စက်စဲကမ်းခြေ အပန်းဖြေရင်း
 အုန်းရည်ချိုလည်း သောက်ချင်သေးသည်။

* အုံ့ဖွယ်ကျိုက္ခမီ တောင်းဆုသီ၍
လေစင်နုနု ကိုယ်စားပြုသည့်
မှိုင်းပျပင်လယ် ဆေးသားချယ်ကို
ရင်ဝယ်ခံစား ကဗျာလေးများလည်း ရေးချင်ဘိ။
* ကိုးကွယ်တည်ထား တောင်စွယ်ကြားမှ
ကျိုက်ထီးရိုးဘုရားလည်း ဖူးချင်သေးသည်။
* လူခြေတိတ် ဆိတ် မြ သပိတ်မှာ
တရားရိပ်လည်း ခိုချင်သည်။
* စတုတ္ထီသာ ညှော်ခံဆာအား
တဝမှာစား ချင်သေးသည်။
* မွန်တို့ပျော်ရာ ရာမညကိုဖြင့်
တွေးသာ တွေးရ တသသနှင့်
စိတ်မှကြည်နူး နှစ်သစ်ကူးကို
ပျော်မြူး ရောက်ဖူး ချင်သေးသည်။
ရိုးရာသင်္ကြန်စိတ်အားသန်၍
ရည်မှန်းတမ်းတမိပါသည်။

**၁၉၈၇ ခုနှစ် မဟာသင်္ကြန်(မွန်ပြည်နယ်)**
**သို့ အမှတ်တရ**

## ရင်ကိုအေးမြစေသား

* မိဘကျေးဇူး
မြင့်မိုရ်တောင်ဦး မကကျူးသား။
* သမီးကတစ်မျိုး သားကဆိုး
ပစ်ရှိး နတ္ထိ အဆိုရှိ။
* ကျွန်တော် ကျွန်မ
တစ်ခါခဏ မိုက်ခဲ့ကြ၍
နောင်တရချိန် လင်းတန်းထိန်။
* သမီးနှင့်သား မှားခဲ့သမျှ
အတိုးချ၍ ခွင့်လွှတ်ပါဟု ဆိုလာသောအခါ။
* မိဘဟူက . . .
ပြုံးစနုပျို မုန်းမပိုဘဲ
ရေလိုအေးမြ ပန်းလိုလှသည်
အိမ်မှဆီးကာ လှိုက်လှဲစွာပင်
ဝင်လာနားခို လက်ကမ်းကြိုပြီ
ရင်ကို အေးမြရပါတကား။ ။

**၁၉၉၄ ဒို့ရေးဒို့ရာ သတင်းစာ**

## ဖေ့စ်ဘွတ်ခ်ပေါ်က ငါ

* Fb ဆိုတာ
စာပြင်ဆရာမလို
အယ်ဒီတာမလို
ပုံနှိပ်စက်မလို
ကိုယ့်ဘာသာကို တည်းဖြတ်
ကိုယ်က . . .
အပြီးသတ် အယ်ဒီတာပဲတဲ့။
* Fb ဆိုတာ
ဗဟုသုတ အလှအယ
သမုဒ္ဒိယတွေနဲ့
တစ်ခဏတာ
သာယာခဲ့တဲ့ နေရာပါတဲ့။
* Fb ထဲဝင်
ခင်ချင်တဲ့ ဘော်ဒါနဲ့
မမြင်ချင်တဲ့ မသာကို
လက်ညှိုးလေး တစ်ချက်တို့
ဘာများခက်လို့လည်းတဲ့
ဒို့ကလေ ပျှံပျှံပါ
အပိုစာဒါးမရှိ
တကယ် တကယ်ပါနဲ့
အပါယ်သွားလဲ လူမသိပါဘူးတဲ့။
* Fb ဆိုတာ
သူကိုငါဆဲ ငါကိုသူဆဲနဲ့
အချဲပြိုင်ပွဲ ဆဲနည်းမျိုးစုံ
သင်လို့မကုန်တဲ့ နေရာပါတဲ့။

* Fb ဆိုတာ
ကြည့်တတ်ရင် ဘာဝနာ
မကြည့်တတ်တော့ တဏှာ
သိတတ်ရင် မဟာဟင်းအိုး
မွှေနှောက်ရှာဖွေ ကမ္ဘာမြေအနှံ့
ခြေဆန့်လို့ရတယ်တဲ့။
* Fb ဆိုတာ
တစ်မြေခြားနေလည်း
နှလုံးသားကို အရင်းပြု
ကုမရတဲ့ ချစ်ခြင်းတွေနဲ့
အခုဘဝမှာ ပေါင်းသင်းရတဲ့
ယောင်းရင်းအတွဲတွေလည်း
သောင်းချီကလိနေပါပြီတဲ့။
* Fb ဆိုတာ
အမှန်တော့
MPT တယ်လီနောဲ
သဘောနူးတဲ့ အော်ရီဒူးတို့ရဲ့
ခြေချင်းခုတ်တဲ့ စစ်ပွဲမှာ
တို့တစ်တွေ
ဘေကုန်
လေကုန်
ငွေကုန်
အချိန်ကုန်
ရင်တုန်
အခုန်များစွာနဲ့ခံစစ်
မာယာများနဲ့ ရန်ဖြစ်ရတဲ့ ညပေါင်းများစွာ
ငါ . . .
ဖေ့စ်ဘွတ်စ်ပေါ်က ငါ . . .
ဖေ့စ်ဘွတ်စ်ထဲက ငါ . . .

## တိတ်တခိုးအလွမ်း

* ဆေးလိပ်မီးခိုး ဖွဖွလေးထုတ်
မင်းအရုပ်ပေါ် ခဏပျော်မိ
ကြာတော့သိပြီ မင်းမရှိပြီ။

* လေရူးခတ်သွား မင်းအရိပ်ပါးခဲ့
ဆတ်ကနဲ့လှည့်ကြည့် ဝမ်းနည်းမိသည်
မင်းမရှိပြီ။

* အိပ်မက်များထဲ
ခဏခဏလဲလာ ညစဉ်များခဲ့
တစ်ရေးနိုးထကြည့် အိပ်ပျက်ခဲ့သည်
မင်းမရှိပြီ။

* မင်းမရှိတဲ့ . . .
ရက်လထောင်သောင်း စက္ကန့်ပေါင်းကို
ပြန်ပြောင်းရေတွက် မောင့်အတွက်တော့
ရက်ဆက်ပေါ်လာ အဖြေလွှာက
ရင်မှာမျိုသိပ် တိတ်တိတ်လေးမျှ
ကြိတ်မှိတ်ပြီးတော့ ချစ်နေမှာပါ။

## ဘဝခြား



* ဒီလမ်းကိုလျှောက်
မောင်လေ . . .
အခေါက်ခေါက်လည်း ရောက်ဘူးတယ်။
* ဒီပင်ကိုပျိုး
မောင်လေ . . .
သံယောဇဉ်ကြိုးလည်း တွယ်ဘူးတယ်။
* ဒီမြေကိုနင်း
မောင်လေ . . .
အခင်းအကျင်းလည်း လုပ်ဘူးတယ်။
* ဒါပေမယ့် ကွယ်
မောင်က စပျိုး အလှတိုးဖို့
မြတ်နိုးရှက်ဆောင် ရွှမ်းထိပ်ခေါင်လည်း
သူရှောင်ရစ်သွား တံတိုင်းကြားမှာ
မျက်ရည်များနဲ့ ပြည့်ထားရက်သူရယ်။
အလွမ်းများနဲ့ ပစ်ထားခဲ့သူရယ်။

# ပါရမီဖြည့်ဖက်



* မင်းလေး ကစားမယ်ဆိုရင်ဖြစ်ကွယ်
သံပတ်အစဉ်ပေး . . .
ကော်ပတ်ရုပ်လေး ဖြစ်ချင်တယ်။
* မင်းလေး ပျော်မယ်ဆိုရင်ဖြစ်ကွယ်
ဟာသယှဉ်နှော . . .
လူရွှင်တော်လေး ဖြစ်ချင်တယ်။
* မင်းလေး ပန်မယ်ဆိုရင်ဖြစ်ကွယ်
ထာဝစဉ်မွှေး . . .
ညမွှေးပန်းလေး ဖြစ်ချင်တယ်
* မင်းလေး နေမယ်ဆိုရင်ဖြစ်တော့
မောင့်ရင်ခွင်လေး သီးသန့်လေးပေါ့ . . .
နွေးထွေးအိမ်လေး တည်ဆောက်ကြမယ်။ ။

## အချစ်ချိုပေါ့ကျ

* လက်ဖက်ရည် ချိုပေါ့ကျသောက်
ဆိုင်အမြဲရောက်ခဲ့။
* ထိုင်နေကျစားပွဲလေး
ရင်ခုန်သံ နွေးထွေးလို့မျှော်လင့်။
* ချိုပေါ့ကျတစ်ခွက်
စကားတတ်ခဲ့ရင်ပေါ့
သူရေးပေးတဲ့ ဝေဒနာကဗျာစု
မေ့ရင်မှာ ယုယလို့
မျှဝေခံစား . . .
ရင်ခုန်သံလေးများ ပြောပြလေမလား။
* သူလာနေကျ လမ်းလေး
မေ အမြဲငေးလို့
နံနက် ရှစ်နာရီကျော်
သူ ပေါ်မလာခဲ့လျှင်
စိုးရိမ်စွာတွေး . . .
မေ . ဆွေးတတ်ခဲ့ပြီလေ။ ။

## ဝေးသွားမလား

* သူရဲ့အလှဟာ
ပန်းလေးတစ်ပွင့်လိုပါတဲ့။
* သူရဲ့အပြုံးတစ်ပွင့်ဟာ
လမင်းလေးနဲ့ တူတယ်တဲ့။
* သူရဲ့ စကားသံချိုဟာ
ဆည်းလည်းသံလေး ပမာလိုတဲ့။
* သူရဲ့အကြည့်ဟာ
နှလုံးသားထဲအထိ နက်ရှိုင်းစေတယ်။
* သူနဲ့ဝေးနေလည်း
ရင်ခွင်မှာ သူ့အရိပ်ထင်
အိပ်မက်ထဲမှာ စိုးမိုးထား
နိုးထတော့ . . .
ဝေးသွားမှာ သိပ်ကြောက်တယ်
ဆွေးစကားချန်ထားခဲ့ပါနဲ့တဲ့။ ။

# ဝေးသွားမလား (၂)



## ဝေးသွားမလား(၂)

* အတွေးနယ်ချဲ့
အဖြေထွက်လည်း
အိပ်မက်တွေထဲ
အခိုးအငွေ့ဖြစ်သွားခဲ့ပြီ ခင်။

* စာတွေရေးဖွဲ့
အဖြေထွက်လည်း
ဆွေးမြေ့အက်ကွဲ
လှိုင်းချက်လွဲခဲ့ရတယ်ခင်၊

* ကိုယ် တစ်ယောက်တည်း
တွေးမိလေတိုင်း အတိတ်လှိုင်းမှ
ထိုင်းမှိုင်းနစ်မျော ရင်ကိုမောလျက်
ခံစားချက်က ရင်ဆက်ပေါ်လာ
ဝေးသွားမှာ ဆိုးတယ်တဲ့ ခင်။ ။

## အချစ်တံဆိပ်

* ရင်မှာထာဝရ
မေ့မရတဲ့ သူ့ရုပ်လွှာ
အသဲမှာ ကမ္ပည်းထိုး
နှောင်ကြိုးရစ်ပတ်တွယ်
မြတ်နိုးရသူပါတဲ့. . . ।
* ရတက်ပွေလီနဲ့
အခက်တွေစီ ကာရံထားလဲ
ရန်တကာကို အန်တု
နှလုံးသားကို ထုဆစ်လို့
နှစ်ဦးတူရင်ဆိုင်မယ်တဲ့။
* အတွေးပုံရိပ်
တိတ်ဆိတ်နေပေမယ့်
ကြိတ်မှိတ်ကာ ရည်ရွယ်ထားတာမို့
တစ်နယ်စီခြား ဝေးများ ဝေးနေလည်း
စိတ်စေတသိတ်မှာ
တံဆိပ်ခပ်နှိပ်ထားသည်က
မောင်ရေ . . . . .
ကမ္ဘာတည်သရွေ့
မြဲမြဲချစ်မပျယ်လျက်ပါတဲ့လေ။ ။

## အချစ်ဦး

* မချစ်ဘူးတော့ ချစ်ပါဘူး
အချစ်ဦးမှ မဟုတ်တာ
အချစ်ဦးမှာ အရူးအမူးချစ်ခဲ့တော့
အချစ်စိတ်တွေ မပျယ်။

* အခုတော့ . . .
အချစ်တွေ တောက်
အနှစ်တွေ ပျောက်
အသစ်တွေ ရောက်လည်း
အချစ်ဦးကိုတော့ မီဘူးကွယ်။ ။

## ချစ်မပြေ

* ချစ်မပြေ
အနှစ်တွေ နှစ်အသ်ချေ
မိုးမြေဆုံးစေပေါ့
တို့တစ်တွေ အဘိုးအဖွားဖြစ်ချေဦးတော့
အရိုးကြေ မြေမှာ ခပါစေနော်
မဖြစ်မနေ
တစ်ကပြန်စလို့ ချစ်ကြမယ်။ ။

# မြန်မာပြော



* လာမစမ်းလေနဲ့
မြန်မာမှန်းသိအောင် ပြလိုက်မယ်။
* လက်ရုံးရည် နှလုံးရည်နဲ့
ဒို့ပြည်ကို ထိန်းသိမ်းကာကွယ်ကြ
ဇာတိသွေးက ကြွယ်။
* ရန်ပြုလာ အန္တရာယ်များကိုလ
အန်တုကာ လျှံဖယ်ရှားမှာမို့
ရှိထားအပ် စစ်စွမ်းရည်
ဒို့ဆီမှာ ဖြည့်ထား။
* အမျိုးပြုတ်မှာမို့
ထိုးခုတ်ကာ ပစ်ခတ်ရှင်းမယ်
စစ်သလင်း အောင်မြေနန်းကို
လှမ်းကြစို့လား။ ။

## သွေးစစ်စစ်

* သွေးစကား ဘေးထား၍မရနိုင်
သွေးစစ်မှ အမျိုးချစ်မှာမို့
သွေးသစ်ကိုမွေး။
* သွေးနှောက ဘေးပယောကဝင်နိုင်
သွေးမနှောင်းမှ အမျိုးကောင်းမှာမို့
သွေးသစ်ကိုလောင်း။
* သွေးစကား အလေးထားပြီး
သွေးပုတ်ယုတ်တွေ ဖောက်ထုတ်
သွေး စစ် စစ်, ဇာတိမာန် သွေးကိုမွေး။
* သွေးစကား မမေ့ထားပါမှ
သွေးစစ်မှ အမျိုးချစ်မှာမို့
သွေးသစ်ကိုမွေး။ ။



## အသစ်တစ်ဖန်

* ကျွန်စစ်စစ်ဖြစ် ဒို့နွံနစ်စဉ်
အသစ်ရောင်နီ နတ်မောက်ဆီမှ
အောင်စည်အောင်မောင်း ပြည့်သားကောင်းကို
မိကောင်းဒေါ်စု သန့်စင်ပြု၍
ယုယကြင်နာ မွေးဖွားရှာသည်
ဖေဖော်ဝါရီ ဆယ်သုံးဆီ။
* တေဇအောင်ဆန်း လျှောက်သောလမ်းသည်
ကြမ်းတမ်းခက်ထန် မိုးသို့လျှံခဲ့
အားမာန်ကိုတင်း ရန်ပုံခွင်း၍
ချက်ချင်းတော်လှန် နယ်ချဲ့ရန်နှင့်
ဂျပန်ဖက်ဆစ် ကျူးကျော်စစ်ကို
မျိုးချစ်သွေးသား ညီနောင်များဖြင့်
ငွား ငွား ဝင့်ဝင့် ကျား ကျားဆင့်လျက်
ညီညာလက်တွဲ တူယှဉ်နွဲပြီး
အောင်ပွဲဝေစည် လွတ်လပ်ပြီဟု
ကမ္ဘာဆီ ကြေညာပေးခဲ့လေပြီ။
* ဘန္ဓကမ္ဘာ ဤမြေလွှာတွင်
ဘာသာလေးခု ဦးခိုက်ပြုလည်း
ပိသုကာမျှ လေးစားရသည့်
အဖအောင်ဆန်း တေဇပန်းကို
ဦးခန်းမှာတင် ဘုရားစင်တွင်
အသင်လူသား မြန်ပြည်သားသည်
ဘုရား အစစ် စိတ်ထဲနှစ်၍
အသစ်တစ်ဖန် ကိုးကွယ်ရန်သာ ရှိတော့မည်။ ။



**ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ဂုဏ်ပြုအပ်ပါသည်။**

**၁၂-၂-၂၀၁၅ ရက်နေ့၊ ပါဒသျှင်**


## တာဝန်ကိုယ်စီ

* တချို့လည်း . . .
လုပ်ငန်းသီးသီး ဌာနကြီးမှာ
မငြီးမငြူ တာဝန်ယူလျက်
ပြည်သူ့ကောင်းကျိုး ဆထက်တိုးအောင်
ကြိုးစားဆောင်ရွက်နေလျက်ပေါ့။
* တစ်ချို့မှာ . . .
မြေဖြူကိုင်တွယ် တိုင်းရင်းနယ်မှာ
ကြယ်လေးတွေတွက် အပြုံးဖက်လို့
လေးနက်ရည်မှန်း စာသင်ခန်း၌
မမောပန်းလျက် လှမ်းလျက်ပေါ့။
* တစ်ချို့က . . .
အညာပို့ကုန် အဆန်စုန်၍
ဖုံဖုံလာသွား တစ်ဝမ်းစားဖို့
မနားဖွေရှာ အိမ့်ဝန်တာကို
ပြုံးကာရယ်ကာ ကြိုးစားလျက်ပေါ့။
* တစ်ချို့ကတော့ . . .
မွေးရပ်ဌာနေ လယ်ကွင်းမြေမှာ
မိုးလေဆောင်းဒဏ် ကြံ့ကြံ့ခံ၍
ဆန်ရေစပါး ပေါကြွယ်များအောင်
ရိုးသား ကြိုးစား နေလျက်ပေါ့။
* ဩော် . . . ငါကတော့
သေနတ်ကိုလွယ် ဆေးအိတ်သယ်၍
တစ်နယ်ကိုဝင် တစ်တောတွင်ဖြတ်
ချစ်ခင်လေးစား တိုင်းရင်းသားများ
စိတ်ထားမွန်မြတ် မိမိတတ်သည့်
သိမှတ်ပညာ ဆေးပညာဖြင့်
သူနာအများ ပျောက်ကင်းသွားအောင်
မနားဆောင်ရွက်ကြိုးစားလျက်ပေါ့။

## ဝေဒနာကိုယ်စီ

* မြင်ရတာ တဒင်္ဂ
ခင်ကြတာ ပျော်စရာနော်
တခဏဆိုတဲ့ အချိန်ကာလလေးဟာ
ထာဝရလောက်ဖြစ်နေခဲ့ရင်
ကြည်နူးခြင်း အခါများစွာ
ထပ်သလားဆိုတာတောင်
သဝန်မတိုဘူး။
* ခွဲရမယ့် အချိန်လေးမှာ
မျက်ရည်စတွေ ရစ်ဝိုင်း
အတိတ်လှိုင်းကို ခံစားရသလို
သူသူ ကိုယ်ကိုယ်
နှုတ်ဆက်စကား မဆိုရဲကြ
အချိန်က စကားပြောလာပြီလေ။
* သွားကြပေါ့ကွယ်
တားလို့လည်း ရမှမရတာ
တာဝန်တွေသီထမ်း
လာရာလမ်းကို ပြန်ကြပေါ့
ခွဲရမယ့် အဖြေသီ
ရင်မှာ . . .
ဝေဒနာကိုယ်စီ ရှိခဲ့ပြီလေ။ ။

**"ဝန်ထမ်းဘဝ၊ သင်တန်းတစ်ခုတက်ခဲ့စဉ်က . . . "**



## ဆီးလို့ကြိုမယ်

* သူငယ်ချင်း . . .
ဘယ်အဆင်းနဲ့လာလာ
မြန်မာက မြန်မာပါကွာ . . .။

* ဆန္ဒတွေ မတူညီလို့
ဟိုသည်ရွှာ မင်းလျှောက်လှမ်းလည်း
ဒီလမ်းလေးမှာ
မင်းလည်းလျှောက်၊ ငါလည်းလျှောက်ခဲ့
နောင်လည်း လျှောက်မယ့်လမ်းလေးကို
ဒို့တစ်တွေပေါင်းပြီး
အမှိုက်သရိုက်ရှင်းလိုက်ရင်
အများသူဟာ စိတ်မချမ်းသာဘူးလား။

* အာဃာတစိတ်တွေကို
စွန့်ပစ်လို့ နင်းချေလိုက်တော့
ဖြောင့်နေတဲ့ လမ်းလေးတစ်ဖက်မှာ
အကြင်နာလက်တွေနဲ့
ပြေးဖက်ဖို့ မင်းအလာ
ငါ . စောင့်နေတယ် သူငယ်ချင်း

ထာဝရပြည်တွင်းငြိမ်းချမ်းရေးသို့



# ဗိုလ်ချုပ်ရဲ့ အမှာစကား

* ယုံချင်ယုံ မယုံချင်နေ
ကျွန်ုပ်နဲ့ ဗိုလ်ချုပ်
အိပ်မက်ထဲမှာ တွေ့ခဲ့ပြီလေ။

* စကားတွေပြော
အမှားတွေပေါ်တဲ့ မြန်မာပြည်အကြောင်း
ကောင်းကောင်း တိုင်ခဲ့တယ်။

* ဇီးရွက်လောက်ရှိတဲ့ ဒို့မြန်မာပြည်မှာ
အာဏာဆီအလုအယက်
ပြည်ပျက်တာလည်း မပြောနဲ့
စည်းပျောက်လည်း ဘဝတွေဖျက်
တွင်းထွက်တွေလည်း မတတ်နိုင်
ရေငံပိုင်တောင် ငိုမဲ့မဲ့
ဦးပေါ်ဦး ပြောသလိုပေါ့
လေခွန်ကို ငါပိုင်တယ်

လေလည်ရင်လည်း အခွန်ပေးဆိုမှတော့
ဒီပြည်မှ မမွဲရင်
သကြားမင်းလည်း မကယ်နိုင်ဘူး
မွဲသဟ မွဲတေပေါ့
အခွံကျွတ် မြန်မာပြည်ကို
သွားလေသူ ၊ အဖဗိုလ်ချုပ်ရေ
ခပ်သုတ်သုတ် တစ်ခေါက်လောက်
လာကြည့်ပါ မြင်စေချင်စမ်းပါရဲ့ဆိုတော့
ဇာတိတွေ ပြနေကြတာ
ဗလာနတ္ထိ မြန်မာပြည်မှာ
သူတစ်လူ ငါတစ်မင်းနဲ့
ငါ ငါ ငါ ငါချင်းကို ထပ်နေရော
တစ်ခါကြည့်ပြီး မှတ်ချက်ပေးပါအဖ။
* အဖ ဗိုလ်ချုပ်က . . .
ငါသိပြီ ငါမြင်ပြီနဲ့
ဒီကမ္ဘာရှိသရွေ့
မင်းတို့တစ်တွေ အဝေမတည့်ဘူးဟဲ့
ငါစိတ်ရှိ လက်ရှိ ပြောလိုရရင်တော့
ဟယ်. . . ငါ(. . . . . )သားတွေရဲ့
ကမ္ဘာပျက်မှ သိမှာလားဟဲ့တဲ့။

**မှတ်ချက်။** ဆယ်စုနှစ်များစွာ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ငြိမ်းချမ်းရေးကို ရှေးရှုပြီး မြန်မာပြည်ကို တိုးတက်ကြီးပွားအောင် ဝိုင်းဝန်း လုပ်ဆောင်ရန် တိုက်တွန်းအပ်ပါသည်။

## ခွင့်ပြုချက်

* ချစ်သောအမေ၊ မွေးချင်းတွေနှင့်
မျိုးဆွေများက၊ တရားချ၏
သားလှလူလေး၊ ငါတူလေးဟု
အတွေးမမှား မလိုက်သွားရန်။
* မင်းတို့အဖေ ဟိုးစစ်မြေမှာ
အမေနှင့်ဝေး တိုင်းပြည်ရေးကို
အလေးပေးကာ ရင်သွေးပါမေ့
ပြန်လာနိုးနိုး စောင့်မျှော်ကိုးလည်း
ပြည်ကျိုးထမ်းရွက် အသက်ဆက်၍
နေ့ရက်ခုတိုင် ပြန်မလာ။
* အခုတစ်ခါ အမေ့မှာတော့
နာကျင်ခဲ့ရ မျက်ရည်ကျသည့်
နွမ်းလျအပူ ရင်မဆူခင်
သားလူလေး အား ဦးစွာ တားဆီးရတော့မည်။

* များလှစွာသော . . .
လူမှာ ယောကျ်ား ပြည်ချစ်သားသည်
ရှားပါးဂုဏ်ဒြပ် တစ်ခုပါအမေ။
* စစ်ထွက်ယောကျ်ား စစ်သည်သားတို့
တရားစစ်ပွဲ တူယှဉ်နွဲ၍
တိုက်လည်း(လဲ)ပျော်ပျော်
သေလည်း အဖော်နှင့်
ရဲဘော် မသေ သေသော် ငရဲမလား
ဆိုရိုးစကား အမေကြားဖူးမှာပါ။
* မိုးသို့ လှိုင်းသည့်
သမိုင်းအမွေ တာဝန်တွေကို
အဖေချန်သွား သွေးစက်များက
စွင့်ငွါနီဖွေး မြန်မာသွေးမို့
ပြည်ရေးအတွက် သားဆက်လက်၍
ထမ်းရွက်ခွင့်ပြုပါ အမေ။

မြဝတီမဂ္ဂဇင်း ၁၉၉၅ ခုနှစ်လထုတ်တွင်ဖော်ပြပြီး

## နားလည်ပေးပါမေ

* စစ်သားမှာလေ
နွေတစ်ခေါက် . . .
နွေကိုလည်း မမှု
ရှင်နေမင်းကို အန်တုလို့
လွင်တီးခေါင် ကန္တာရပဲဖြစ်ပါစေ
တောင်အဆင့်ဆင့် မတ်စောက်လို့ မြင့်ပါစေ
လျှိုခက်ခက် နက်နက်ပဲဖြစ်ပါစေ
ချွေးစက်စက်ထွက် ခန္ဓာပဲအေးစက်ပါစေ
ကိုယ့်ရဲ့ ခြေလက်အသက်တွေက
ပြည်သူ့အတွက်ပါမေ။
* စစ်သားမှာလေ
မိုးဖွဲဖွဲ . . .
မိုးသည်းသည်း ရွှံ့ရွှံ့စိုချမ်းတုန်ပါစေ
မှဲ့ခြင်ယင် နေ့ရက်ဆက်ကိုက်ပါစေ
မိုးဒေဝါ အငြိုးကြီးစွာရွာပါစေ
သံမဏိလူသား ကိုစစ်သားက
ပြည်သူ့အတွက်ပါမေ။

* စစ်သားမှာလေ
ဆောင်းတစ်ပွင့် . . .
နှင်းပုလဲ ရှုတိုင်းတစ်ခွင် ပြည့်ပါစေ
နှင်းအစက်စက် အေးစက်လို့ သွေးခဲပါစေ
ဆောင်းလေသွေး မေးခိုက်ခိုက်ချမ်းတုန်စေ
ကိုယ်က သုံးပန်လှစစ်သား
ပြည်သူ့အတွက်ပါမေ။
* မေရယ် . . . . .
စာလွှာမပါး မလွမ်းအားလို့
မျက်မာန်တော် ညှိုးလိုက်ပါနဲ့
ဦးခိုက်လို့ တာဝန်ထွေထွေ
မပြောင်းနွမ်းတဲ့ ကိုယ့်အချစ်တွေက
စစ်မြေမှာ အချစ်ကမ္ဘာကို
ခဏတာ သိမ်းဆည်းထားရတာမို့
အပြစ်များမယူပဲ
မင်းခယောကျ်ားပြည်ချစ်သားကို
နားလည်ပေးပါမေ။ ။

## တောစီးဖိနပ်လေး

* ဖိနပ်စင်မှာ နှစ်တွေကြာခဲ့ပေါ့
သားတော်မောင် သန့်ရှင်းရေးလုပ်တော့
အဖေရေ . . .
အဖေ့ဖိနပ်စုပ်ပြတ်ပြတ်ကို
အမှိုက်ထဲခင်း စုရှင်းလိုက်မယ်
အသစ်တွေခင်း ဖိနပ်စင်က
အဖေ့ဖိနပ် စုပ်ပြတ်ပြတ်နဲ့ မလိုက်ဖက်ဘူးအဖေရဲ့။

* နေပါဦးသား
အဖေ့စကား သားနားထောင်မလား
တောစီးဖိနပ် စုပ်ပြတ်ပြတ်က
အဖေ့ရဲ့လက်တွဲဖော်ပါသားရယ်
တောတောင်အနှံ့ ခြေဆန့်တာဝန် ထမ်းခဲ့စဉ်က
ခြေဖဝါးနုနု သွေးခြေမဥအောင်
သူထမ်းဆောင်ခဲ့
မိုးတွင်းအခါ ရွှံ့မြောင်ကြားထဲ
လျှောက်ကာသွားလည်း
သဲဝဲမစား အနာမများအောင်
သူထမ်းဆောင်ခဲ့
ဆောင်းနှင်းဖွေးဖွေး မြူထွေးထွေးမှာ
မအေးရအောင် အနွေးဓာတ်ကိုပေး
သူတာဝန်ကျေတယ် သားရဲ့။

* အဖေနဲ့အတူ . . .
တာဝန်ဟူသမျှကို
မငြီးမငြူ ကြည်ဖြူကာလက်တွဲ
တိုက်ပွဲတစ်ရာ အောင်ပွဲရာထောင်ကို
အတူဖြတ်သန်း
မမောမပန်း တာဝန်ထမ်းခဲ့တာသားရဲ့။
* အဖေနဲ့အတူ
ခရီးကြမ်းကြမ်း ခယောင်းလမ်းကို
ဘေးမသန်းရအောင်
မိုင်ပေါင်းရာထောင်ကို
သူ ဆောင်ရွက်တာဝန်
ထမ်းကျေမွန်ခဲ့တယ်သားရဲ့။
* အဖေနဲ့အတူ . . .
သူ့ရာဇဝင်သမိုင်းက
မရှိုင်းဂုဏ်ကို
မထင်မရှား တင်ထားခဲ့ပြီးပါပြီသားရယ်
သားတို့ဖိနပ် အသစ်တွေနဲ့
ရောနစ်လို့ မထားချင်လဲ
သူ့အတွက် တစ်နေရာ
ထောင့်သေးသေးမှာ နေရရင်လဲ
သူပျော်မှာပါ သားရဲ့
သူ့အတွက်နေရာ
သူမတောင်းပါဘူး
သူ့ဘဝ
သူ့အလှက
သုံးညကစပေမယ့်

ထားရာနေ စေရာသွား
တာဝန်များစွာ ကျေခဲ့တာပါသားရယ်။
* တောစီးဖိနပ်လေး
ဟောင်းဆွေးဆွေးကို
သားရယ်လူလေး
ကျွန်တော့်ရွှေသွေးခဗျာ
စစ်သွေးကြွယ်လှ
အဖေ့ဘဝ
သားလှနားလည် ရှက်မိပါတယ်
သူ့ကိုတစ်နေရာ သားပေးထားမယ်
အဖေ့မိတ်ဆွေ တောစီးလေးကို
အဖေကြိုက်ရာ တစ်နေရာမှာ
ဂုဏ်ယူဝင့်စွာ ထားပါအဖေ
တောစီးဖိနပ်လေး နေပါစေ။ ။

၁-၉-၂၀၀၅

## ဝင့်ကြွေးကြေ

* အရှုံးမပေးပါဘူး
နှလုံးအေးတဲ့ ဆေးကို
ပြုံးပြုံးလေး သောက်ခဲ့ပါတယ်။

* ဘယ်သူ့ကိုမှ
အပြစ်မဆိုပါဘူး
ယခုအချိန်က စလို့
ဘဝအသစ်မှာ ပျော်အောင်နေပါတယ်။

* ထားရစ်ခဲ့ဘဝတွေမှာလည်း
အများအတွက် အသက်ကိုပေး
နိုင်ငံ့အတွက် ပေးဆပ်ခြင်းတွေနဲ့
အလေးအမြတ် ထားခဲ့ပြီးပြီမို့
ပေးဆပ်ခြင်းတွေက
အထိမ်းအမှတ်တစ်ခုလို့ မှတ်ယူပါတယ်။

* ယခင်ဘဝ
အကြွေးရှိခဲ့သည်မို့
ယခုဘဝ အကြေဆပ်ခဲ့ပါတယ်
အနေမြတ်တဲ့ဘဝကို ပိုင်ဆိုင်ဖူးခဲ့လို့
ဘဝကူးလည်း
ဝင့်ကြွေးတွေ ကြေသွားခဲ့ပြီမို့
ကျေနပ်ခြင်းများစွာနဲ့
အသေမြတ်မှာကို သိပါတယ်
အနေခက်တဲ့ ယခုဘဝကိုတော့
ဘယ်သူ့ကိုမှ အပြစ်မဆိုပါဘူး
အချစ်ပို စိတ်ထားတွေနဲ့
ပြုံးပြုံးလေးပဲ နေပါ့မယ်
ဆုံးရှုံးမှုတွေ ကုန်ဆုံးသွားခဲ့ပြီပဲ။ ။

၁၀-၉-၂၀၁၅



# လောကကိုသွား တောလား (၁)

ကမ္ဘာမှာ တည်တန့်ဖို့
မြန်မာမြေအရှည်မှန်းကာဖြင့်
ထမ်းခဲ့တဲ့ တာဝန်တွေ
ရှမ်းတောင်တန်းတွေလည်း ပါခဲ့ပါရဲ့
ဒေါနမြေ ရှိုမြောင်စမ်းပါ မကျန်ပေ့
ဂျိမ်းဖောတို့အောင်မြေနန်းကိုလည်း
သွေးချွေးတွေ အဝေဝေနဲ့
ပေးဆပ်ကာ တာဝန်ထမ်းခဲ့တာဖြင့်
ရာဇဝင်ကမ္ဘည်း မထိုးချင်ပါဘူး
ဒါပေမယ့် . . .
တာဝန်ထမ်းခဲ့တာ အနှစ်နှစ်ဆယ်။

* ဆယ်စုနှစ်ခုကာလ
ဖြတ်သန်းခဲ့ရ ဘဝအဖုံဖုံ
ပြန်ပြောင်းပြောရရင်တော့
လွမ်းမောဖွယ်လည်းပါ
အကြမ်းအရမ်းတွေလည်းပါ
အနုအလှသမုဒ္ဒယတွေလည်းပါ
ဘဝကြမ်းခဲ့တာကိုဖြင့်
ဇာချဲ့လို့ ပြောချင်ပါဘူး
ဩော် . . . စစ်သားဘဝတွေ။
* တစ်နေ့ကပေါ့ . . .
မေ့မရတဲ့ အတိတ်ဇာတ်ကြောင်း
ပြန်ပြောင်းလို့ သတိရမိတယ်
အိမ်ရှင်တို့ခင်ဗျာ . . .
အိမ်သာလို့ ညွှဲလာတယ်ပေါ့
ဆရာ . . . ဆရာနေကောင်းတယ်နော်
ကျွန်တော်ဘမောင်ပါ ဆရာရဲ့
အစချီကာ သူပြောမှဖြင့် ကျွန်တော်သတိရ
ဘမောင်ကို သေချာကြည့်မိ
ဘယ်ဘက်မျက်စိတစ်လုံးကမပါ
ညာခြေထောက်ဒူးအောက်က ပလပ်လို့
အရပ်ဝတ် အရပ်စား နွမ်းဖတ်ဖတ်နဲ့
သတိမတ်အောင်ဆွဲပြီးလို့ အကျင့်ပါ
ဆရာ . . . ဆရာလို့ စကားသံက
ကျွန်တော့်ရင်မှာ မချိတင်ကဲ
သတိဝင်တဲ့အချိန်မှာ
ကျွန်တော့်ပါးပြင်မှာ မျက်ရည်တွေနဲ့ပါ။

## လောက်ကိုင်သွားတောလား(၂)

* ပျော်ပါတယ်ဆရာ
စစ်သားဆိုတာ ဘယ်ဘဝမှာ ကြည့်ကြည့်
ရေမြင့်လည်း ကြာတင့်တယ် ဆိုပေမယ့်
ကြာတင့်ဖို့အတွက် ကျွန်တော်တို့က ရေပါ
ဒီစကြာဝဠာမှာ ပြည်မြန်မာရှိစေဖို့အတွက်
ကျွန်တော်တို့ရဲ့ အသက်ခန္ဓာတွေကို
အကြိမ်ကြိမ် အခါခါပေးဆပ်ရလည်း
အကျေနပ်ကြီး ကျေနပ်ဦးမှာပါဆရာ။
* အတိတ်အဝေးကို မျှော်ကြည့်
ဆိုနစ်တဲ့ ရည်ရွယ်ချက် အပြုံးတွေနဲ့
အတိုးထစ်ချ နှောင်းအရိပ်တွေမကျန်
ပစ္စုပ္ပန်ရာသီတံတိုင်းကိုလည်း
ဇာမဏီနှိုင်းရလောက်အောင် ကျော်ဖြတ်
မစုံအင်္ဂါ ကိုယ်ခန္ဓာနဲ့
ဘုံတစ်ခွင်မှာ မျက်နှာငယ်ရလည်း
ပျော်ပါတယ်ဆရာတဲ့။ ။

## လောက်ကိုင်သွားတောလား(၃)

* ရှေ့ဆက်ရမယ့် ခရီးကြမ်း
ပန်းခင်းလမ်းမဟုတ်ပေမယ့်
ခရောင်းလမ်းလောက် ဆိုးလောက်ပါဘူး
ပါရမီဖြည့်ဖက် ချစ်သက်လယ်ကလည်း
မပစ်ပယ် အနှစ်ရယ်ပိုချစ်လို့
ဒိုးတူဘောင်ဖက် ဆိုးတူကောင်းဖက်
စိတ်နှလုံးတူ ဘဝခန်းကိုဖြင့်
ရဲရဲကြီး လှမ်းမယ်မောင်တဲ့။
* မကြောက်ပါဘူး ဆရာရယ်
သတ္တိတွေ တစ်ဖန်မွေးလို့
ကိုယ့်သွေးသား အနာဂတ်လေးတွေအတွက်
ပညာတတ်ဖြစ်စေဖို့
ကျွန်တော် . . .
မျက်လုံးတစ်လုံး ခြေတစ်ဖက်
သူတို့လေးတွေအတွက်
ခွန်အားသစ်နဲ့ ကျန်းသေးပါတယ်ဆရာ၊
လာသမျှ လောကဓံကို
ကြံ့ကြံ့ခံကာကွယ်ဖို့
ဘဝအလှဆန်းကြယ်ကို ကျော်ဖြတ်
ကျွန်တော်မတ်တပ်ရပ်နိုင်ပါသေးတယ်တဲ့။
* ဆရာရယ် . . .
ကရုဏာကြေးနဲ့ ခြံမြေဈေးက
မိုးနဲ့မြေလောက်ကွာတော့
အမေ့ရွာကို ပြန်
အမေ့ထံ သတင်းပို့
အမေ့မြေမဆို့မပို့လေးမှာ
အပျော်ကိုဖွေရှာ
နေသွားရမှာပေါ့ ဆရာတဲ့။

## လောက်ကိုင်သွားတောလား(၄)

* ဆရာရယ် . . .
အခုခေတ်မှာ ပင်စင်လစာ
မှင်စာလောက်နဲ့တော့
မိုက်မှောက်မနေနိုင်ပါဘူး
လျှောက်ရမယ့်လမ်း
ကြမ်းတမ်းမှန်းသိသိနဲ့
ခြေတစ်လှမ်းသာ လျှောက်နိုင်တဲ့ ကျွန်တော်
ကြင်ဖော်ကိုခေါ်ပြီး ဌာနအသီးသီးမှာ
ချွေးဒီးဒီးကျ အလုပ်ရမလားပေါ့
မောတာပဲ အဖတ်တင်ပါတယ်ဆရာ။

* ဝမ်းရေးအတွက် မနေသာတော့
ဝေဒနာတွေမေ့
နာကြည်းတာတွေမေ့
မာနတရားတွေ ခဝါချလို့
ပလက်ဖောင်းဘေး ဈေးရောင်းရရင်ကောင်းမလား
ချိုင်းထောက်တစ်ဖက်ကိုသယ်
မြေသယ် ဘောက်လုပ်လဲ လူမခေါ်
ဇနီးသည်က ကရုဏာနဲ့ ပြောပါတယ်
နေပါစေမောင်ရယ်
ဈေးပန်းခေါင်းပေါ် ရွက် မိသားစုအတွက်ပဲ
မောင့်ပင်စင်တစ်ချို့တစ်ဝက်က
ဆန်ဘိုးလောက်တော့ရမှာ
ကျွန်မရှာတာ ဟင်းစားပေါ့
မကျန်းမာရင် ကုသိုလ်ဖြစ်တွေရှိပါရဲ့
ဘာခက်လို့လဲ မောင်ရယ်တဲ့၊
ပျော်ပါတယ်ဆရာ
ကျွန်တော်တို့ ပျော်ပါတယ်ဆရာ။
* အနာဂတ်မျိုးဆက်သစ်တွေအတွက်
ချွေးစက်ညစ်ထေထေ မဖြစ်စေဖို့
အသစ်ဝေဆာ အပြစ်တွေမရှာရလေအောင်
ရွာက မူလတန်းကျောင်းမှာတစ်ယောက်
အခေါက်ခေါက်အခါခါ မသွားနိုင်တော့
အများပိုင်(ဘက)ကျောင်းမှာ
စားဝတ်နေရေး စိတ်အေးရပေါ့
သားကြီးနဲ့ သမီးလတ်
ပညာတတ်ဖြစ်အောင် ပို့ထားတယ်ဆရာ။



# လောက်ကိုင်သွားတေးလား (၅)

* ဩော် . . . ဆရာ
စစ်မြေဟာ ကျွန်တော်တို့ဘဝ
စစ်မြေသာ ကျွန်တော်တို့ပျော်စံရာ
စစ်မြေမှာ လူလားမြောက်
စစ်မြေနဲ့ ခွဲခွာရတာ
ဝမ်းသာတယ် မထင်ပါနဲ့ဆရာ
အလှမ်းကွာပေမယ့်
အခွင့်သာရင် မြန်ပြည်အတွက်
ကျန်တဲ့ခန္ဓာ ခြေလက်တွေကို
စွန့်လွှတ်ဖို့ အသင့်ပါ
မြင့်မြတ်တဲ့ ပေးဆပ်ခြင်းကို
အဆင့်သတ်မှတ်ချက် မပေးလည်း
ကြွေလည်း မွေးချင်ပါတယ်
ဝေလည်း မွေးနေချင်ပါတယ်
ဘဝခြားလည်း စစ်သားပဲ ဖြစ်ချင်တာပါဆရာ။

* လောက်ကိုင်အရေးက
ပေါ့သေးသေးမဟုတ်ပါဘူး
နွေးကွေးနေရင်
ခရိုင်းမီးယား အရေးထက်
လက်သွက်တဲ့ တရုတ်
အနောက်ကနေ အရုပ်ရွှေ့နေတာပါ
ကိုယ်မြေကိုဖွဲ့ထွက်
တရုတ်အတွက် ဖြစ်သွားမှာပေါ့
သွေးသားအရေးမဟုတ်ပါဘူးဆရာ
ဘေးပယောက ခွေးတွေကြောင့်
အမိမြေ သေးသေးကွေးကို
တဖြေးဖြေးနဲ့ ဖွဲ့ယူချင်တာပါဆရာရယ်
မြန်မာဆိုတာ
ရာဇဝင်မှာ စာတင်ထားတာပါ
ခန္ဓာခြေလက်တွေနဲ့ အသက်ဆက်ပြီး
တစ်လက်မှမြေတောင် အထိမခံနိုင်ဘူး
ကျွန်တော့်ခြေတစ်ဖက်ထဲနဲ့လည်း
စစ်ထွက်ယောက်ျား
မင်းခနေဦးမှာပါဆရာ။ ။

## လောက်ကိုင်သွားတောလား(၆)

* ဟုတ်ကဲ့ပါဆရာ . . .
ရန်သူကိုနေလို မီးလို ကျင်ပေ့မယ်
အမှားသိလို့ ပြည်သူဆီခိုဝင်ရင်
အပြုံးရင်ခွင်နဲ့
နွေးနွေးထွေးလျက်ပါဆရာ
ပြည်သူအတွက် ဆိုရင်တော့
အဆုံးစွန်းထိပေးဆပ်
အသက်ခန္ဓာပုံကာပေးထား
ထာဝရလေးစားလျက်ပါဆရာ
သို့သော်လည်း . . .
စစ်သားဆိုမုန်းတီး အငြိုးကြီးသူများက
စစ်ခွေးလို့တွင်တွင်ခေါ်
စစ်တပ်မလိုပါဘူး ပြောသူပြော
စစ်အင်အားများတယ်လို့ဆိုသူကို
စစ်သားမှမရှိရင် ခပ်မြန်မြန် ကျွန်ပြန်ဖြစ်မှာပေါ့
ဘေးဘယ်ညာဝေ့ကာကြည့်
အချောင်ထိချင်တဲ့ သညာတွေနဲ့
ပျိုမြန်မာ အနုဖျန်းလေးကိုဖြင့်
လွေးချင်သူက ခပ်များများပါဆရာ။

* ဒါကြောင့် စစ်ခွေးလို့ခေါ်ကြပါစေ
အပြုံးတွေနဲ့ ဆက်ဆံ
ဝေဖန်သမ္မာဒဏ်ခံ
ကြွေဖန်များတဲ့ ကျွန်တော်တို့
အမိမြေစည်းရိုးတစ်ကြောကို
အသွေးအသားနဲ့ကာရံ
ဝိညာဉ်များကစောင့်ကြပ်
ပေးဆပ်သူတို့နှလုံးသားက
လွတ်လပ်ရေးအတွက်ပါဆရာ။
* ငြိမ်းချမ်းချင်တာပေါ့ ဆရာရယ်
ငြိမ်းချမ်းရေးဆိုတဲ့ အသီးအပွင့်
ပြည်နယ်အသီးသီးမှာ ရှိစေချင်ပါတယ်
ညီကာလက်ချင်းယှက်လျက်
ဂျိုးဖြူငှက်ကိုထွေးပိုက်
အကျိုးတူလက်တွေတွဲပြီး
ပြည်ထောင်စုကြီး ဝပြောစည်ပင်အောင်
တီထွင်ကြံဆစိတ်တွေနဲ့
အနာဂတ်မျိုးဆက်သစ်တွေရဲ့
သွေးစက်တွေ ဖြူစေချင်တယ်ဆရာ
ပယောကတွေ ဘေးဖယ်
သောကတွေကို ကျော်ဖြတ်
မာနတွေကို နင်းချေလို့
အမိမြေကြီး သာယာစေချင်ပါပြီဆရာ။

## လောက်ကိုင်သွားတောလား(၇)

* ကျေနပ်ပါတယ် ဆရာ
အနေမြတ်တဲ့ ဘ၀ကို ပိုင်ဆိုင်ဘူးခဲ့လို့
ဘ၀ကူးခဲ့တဲ့ သားဇာနည်တွေအတွက်
အမျှမဝေချင်လဲနေပါ
မြန်မာ့မြေမှာဝိညဉ်အဖြစ်နဲ့
မြန်မာ့မြေကိုပဲ ကာကွယ်
မြန်မာဟော့လို့ ကြွေးကြော်
မြန်မာ့မြေ ကမ္ဘာမှာရှိနေရင်
ပီတိတွေဝေစွာနဲ့
တမလွန်ကနေ
သူတို့ . . . ကြည့်နေကြမှာပါဆရာ။
* ကျေနပ်ပါတယ် ဆရာ . . .
တာဝန်တွေထမ်းခဲ့တဲ့တစ်လျှောက်
စီးပွားရေးလည်း ဖောက်ချခဲ့တာရှိပါဘူး
အသက်နဲ့ရင်းခဲ့ချွေးနည်းစာနဲ့
ချစ်ဇနီးကိုလှအောင်ဆင်
သားသမီးကို ဝအောင်ကျွေး
မိဘကို မျှတပေးခဲ့ရပါတယ်။
* ကျေနပ်ပါတယ်ဆရာ . . .
ကျွန်တော်ဘဝတစ်လျှောက်မှာ
လွယ်အိတ်ကိုပစ်ချ
ခဲတံရှုရှုလေးကိုဘေးဖယ်
မဗေဒါက တစ်ပွင့်တည်း
ဘဲအုပ်ရာထောင်ချီကို

ဇာနည်မောင် စစ်သားဘဝနဲ့
သေနတ်ကိုစွဲ စစ်ထဲဝင်ခဲ့တာပါဆရာ။
* ကျေနပ်ပါတယ် ဆရာ . . .
ကျွန်တော်လေမြန်ပြည်အနှံ့ ခြေဆန့်လို့
တာဝန်အထွေထွေထမ်းခဲ့ပါတယ်
တာဝန်ကျေမဟုတ်ပါဘူး
တာဝန်ပေးသမျှ ငါစစ်သားကွဆိုပြီး
တာဝန်လာသမျှ အပြည့်အဝထမ်းခဲ့တာပါဆရာ။
* ကျေနပ်ပါတယ်ဆရာ . . .
အမိမြေအတွက် ခြေတစ်ဖက်
မျက်လုံးတစ်လုံး ပေးဆပ်ခဲ့ပေမယ့်
ကျန်ခြေတစ်ဖက် လက်နှစ်ဖက်
မျက်လုံးတစ်လုံးက မိသားစုအတွက်
ပျော်မဆုံး မော်မဆုံး
ဘဝဆုံးတဲ့အထိ ကျန်ရှိပါသေးတယ်ဆရာ။
* ကျေနပ်ပါတယ်ဆရာ. . .
ထိုက်သမျှ ပင်စင်လေးနဲ့
အလှအပ မဆင်နိုင်ပေမယ့်
ချစ်လှတဲ့ မယေသီက
ဘဝမှာ မနောလှရင် ပြည့်စုံပါတယ်တဲ့
အလုပ်အကိုင် အခွင့်အလမ်းက
တာလီကိုင်စာရေးမဖြစ်ပေမဲ့
ချစ်ဇနီးရဲ့ ဈေးဆိုင်မှာ
ကျွန်တော်က မန်နေဂျာဗျ
အားလပ်ချိန် အမေ့အိမ်က ယာခင်းမှာ

ရာသီပေါ်ဟင်းသစ်လျာကို
အော်ဂင်းနစ်နဲ့စိုက်ပါတယ်
အသိုက်အမြုံ မိသားစုလေးအတွက်တော့
အမေမြေကုန် စည်းရိုးဗလာနိတ္တိမှာပေါ့
သလ္လာစံအိမ် မဆောက်နိုင်ပေမယ့်
ဝါးညှပ် ထနိုးမိုးထရံကာမှာ
ချစ်မိုးတွေ ဝေဝေဆာဆာက
ကျွန်တော်တို့မိသားစုပါဆရာ။
* ကျေနပ်ပါတယ်ဆရာ
ပေးဆပ်သူတို့ နှလုံးသားမှန်သမျှမှာ
အပြုံးများနဲ့ပီတိ
ရင်ထဲထိရှိလျက်ပါ
အမိမြန်မာပြည်အတွက်
အသက်ဆက်ရင်ချင်းအပ်လို့
စိတ်ချင်းထပ် တွဲလက်မြဲပြီး
မြန်ပြည်ကြီးကို ကာကွယ်မယ်
လာသမျှ ရန်အသွယ်သွယ်ကို
ဒီခြေ
ဒီလက်
ဒီခန္ဓာအသက်တွေနဲ့
တာဝန်ထပ်ပေးလျှင်လည်း
မငြင်းပယ် အပြုံးအသွယ်သွယ်နဲ့
အကျေနပ်ကြီး ကျေနပ်နေဦးမှာပါဆရာ။

## လောက်ကိုင်သွားတောလား(၈)

* ဩော် . . .
ဆရာဆီ အလည်လာတာ
ဝေဒနာတွေပေးဖို့ ဟုတ်ပါဘူး
စေတနာအနန္တတွေကို
ကြေညာမိသလို ဖြစ်သွားတယ်ဆရာ
မြန်ပြည်တခွင်မှာ တိုင်းပြည်အတွက်
စွန့်လွှတ်လူသားတွေ
များပြားပေးဆပ် ကျေနပ်စွာနဲ့
နေတတ်အောင်နေ
ဝေနေရင်လည်း ကျေနပ်
ကြွေကျရင်လည်း ကျေနပ်
ချွေချရင်လည်း ကျေနပ်
မြေခနင်း ချေခံရရင်လည်း ကျေနပ်
ဘယ်ဘဝမှာပဲ နေရနေရ
ပြည်သူနဲ့ တပ်မတော်အတွက်ဆို
အကျေနပ်ကြီး ကျေနပ်နေတဲ့
စစ်ပြန်ယောက်ျား စွန့်လွှတ်သူတွေပါဆရာ။
* နှုတ်ဆက်ပါတယ်ဆရာ
ဆရာက ကဗျာသမားဆိုတော့
ကျွန်တော်တို့ဘဝ နံချာချာတွေကို
ပုံပမာမန္တိုင်းပဲ အရိုင်းလေးတွေအတိုင်း
သမိုင်းမှာ ပေးဆပ်သူတွေ နှလုံးသားကို
စာသမိုင်းလေးတစ်ပုဒ်လောက်
ခြစ်ကုတ်ပေးပါလားဆရာ
ပေးဆပ်ခြင်းက ပြည်သူ့အတွက်
အချစ်စစ်တွေပါဆရာ

အနှစ်သာရ ငြိမ်းချမ်းခြင်းကို
အပြစ်တွေ မပြောကြပဲ
အသစ်ကမ္ဘာမှာ သာယာစွာနဲ့
မြင်စေချင်တာပါဆရာ
တကယ့်ကို မြင်ချင်ပါပြီဆရာ။
* ဘမောင်ခင်ဗျာ
လက်တစ်ဖက်နဲ့ ချိုင်းထောက်ကိုမ
ပျက်ဆီးသွားတဲ့ မျက်လုံးတစ်ဖက်နဲ့
သတိမတ်အောင်ဆွဲ
တုနှိုင်းမရတဲ့ အပြုံးနဲ့
အဆုံးမရှိ လမ်းကိုလျှောက်ဖို့
ခွင့်ပြုပါဦး ဆရာတဲ့။
* တပည့်ရယ် . . .
မျက်ကွယ်က ပျောက်သွားပေမယ့်
မင်းပေးခဲ့တဲ့ ဆေးတစ်ခွက်က
ငါ့ရင်မှာလှိုင်းထ တုနှိုင်းမရတဲ့ ဂုဏ်ဒြပ်တွေ
သမိုင်းအစထဲက ပေးဆပ်ခြင်းတွေကို
ငါဘယ်လိုရေးဖွဲ့ရမှာလည်း
ငါဘယ်လို တေးဖွဲ့ဆိုရမှာလည်း
ဘာနဲ့နှိုင်းနှိုင်း သမိုင်းဂုဏ်တင်ခဲ့ပြီမို့
မှတ်ကျောက်တင်လဲ
ရွှေက ရွှေပါပဲ တပည့်ရယ်။
* တပည့်ရယ် . . .
မင်းဘဝနဲ့ ငါ့ဘဝ
ဘာကွာလို့လည်းကွာ
ငါသာမင်းကျန်စစ်ဆိုရင်
ညာဘက်ပခုံးနဲ့လက်က
ပြည်သူကိုထမ်း မမောပန်းရအောင်

အပြုံးပန်းဝေထားပေးချင်ပါတယ်
ဘယ်ဘက်လက်နဲ့ ပခုံးက
လုံခြုံရအောင် နွေးထွေးတဲ့ရသကိုပေး
ထမင်းနွေးနွေးတွေ မကျွေးပါဘူး
ဒါပေမယ့်လေ
တို့တစ်တွေမှာ ကိုဝမ်းဆာကိုသာသိလို့
မာနကို အဖော်ပြု
ဝေဒနာကိုချိုးနှိမ်
မျိုးချစ်စိတ်ကိုမွေးမြူ
ပီတိကိုစား အားရှိနေခဲ့တာပါ။

* တပည့်ကိုကြည့်
ရင်ထဲမချိအောင် ခံစား
ဝေ့ဝါးနေတဲ့ မျက်လုံးများက
ခွန်အားတွေ ပြည့်နေပေမယ့်
စီးကျလာတဲ့မျက်ရည်ကိုတော့
မသုတ်မိတာအမှန်ပါ
ဆုတ်နစ်တဲ့ ဇွဲကိုအခြေပြု
ဘဝနုနုကို ခြေလှမ်းစ
ဘေးမသန်းရအောင် ဆုတောင်းပေး
အပြုံးလေးနဲ့ဖြတ်ကျော်
မင်းပြောသလိုပေါ့ တပည့်ရေ(ရယ်)
ပျော်အောင်သာနေပါ တပည့်ရယ်
တော်ရာမှာနေပေါ့ တပည့်ရယ်
မြန်မာပြည်သာယာမှာပါ တပည့်ရယ်

**"တိုင်းပြည်အတွက် ခန္ဓာခြေလက် စွန့်လွှတ်ခဲ့သော တပ်မတော်သား အပေါင်းအား ဂုဏ်ပြုအပ်ပါသည်"**


## လွမ်းအားတွေပိုပို

* တောင်တန်းပြာပြာ မြူမှုန်ဟိုးတဝါး
နေထိုင်တာ ကုန်းမြေလေး
စိုက်ပျိုးတာ လှေခါးထဒ်
ကောက်ညှင်းကို ထမင်းလုပ်လို့
နေချင်စရာ သူတို့ခလေ့
မောရှမ်းတို့ရွာလေး။
* အသားဖြူဖြူ ပါးပြင်နီမို့မို့
စကားသံ ခပ်ဝဲဝဲနှင့်
ပလိုင်းကို ခေါင်းတွင်သိုင်းပြီး
တောင်ယာခင်း အလုပ်ခွင်ဝင်တဲ့
မောရှမ်းသူလေး။
* သူ့စကား ကိုယ်ကဖြင့်နားမလည်
ကိုယ်စကား သူကလည်း အူတူတူ
ရယ်(ရီ)လိုက်တဲ့ပါးချိုင့်လေးရယ်
ကိုယ့်အသည်းမှာ စွဲလို့ထင်
ကွာလယ်လယ် မားလယ်လယ်
ကရုဏာသူ့စကား
အချိန်များစွာ သံယောဇဉ်ဖြင့်
အချစ်ဆိုတဲ့ အမောတွေနစ်။
* မောတို့မြေရဲ့ ကောက်သစ်စားပွဲ
တောင်တန်းမြေမှာ စည်ကားစမြဲ
သူတိုက်တဲ့လေ ခေါင်ရည်မှာလေ
ဘာကြောင့်များ ချိုမြိန်လိုနေ
ဒီနေ့လေးကို ကိုယ့်စိတ်ထဲဝယ်
မေ့နိုင်လိမ့်မယ် ထင်တော့ဘူးကွယ်

* ရက်လတွေ အလီလီပြောင်း
တာဝန်တွေ ကုန်ဆုံးလို့
ဌာနေကို ပြန်မယ်ဆိုတော့
'မောင်'ကိုလေ ချစ်အားပိုတယ်
မောမြေကို ခွဲနိုင်ဘူးရယ်တဲ့
မျက်ဝန်းမှာ မျက်ရည်ဝဲလို့
မငိုမိအောင် သူအားတင်းခဲ့။
* ကိုလည်းလေ စစ်သားပေမယ့်
နှလုံးသားက နူးညံ့တယ်ကွယ်
လာလမ်းမြေကို လျှောက်လှမ်းမှာဖြင့်
မောမြေကို လှည့်ကာကြည့်တော့
မောမြေသူမျက်ရည်မိုးက
ကိုယ့်ရင်ကိုနင့် မချိစေတယ်။
* ကိုယ့်ဘက်တာဝန်ကျေပေမယ့်
မလိုက်တာ အပြစ်လို့ မဆိုရက်နိုင်ဘူး
ခပ်ဝဲဝဲစကားချိုသံက
ပဲတင်သံ ကိုယ်နားမှာနင့်
ဟိုး. . . တဝါး နှလုံးသားခပ်သံနှင့်အတူ
ဩော် . . . . .
နေရစ်ခဲ့တော့ မောလှပျိုဖြူရယ်။ ။

**"ကွယ်လယ်လယ် မားလယ်လယ် သွားသွားလာလာ သတိထား"**

# ကျွန်တော့်တပည့် ဆရိုင်းနွယ်၏



## ကျွန်တော့်တပည့် ဆလိုင်းနွယ်

* ပျောက်သောသူ ရှာရင်တွေ့တဲ့
ဆိုရိုးစကား အမြဲကြားဖူးပေမယ့်
နှစ်များစွာ ယနေ့တိုင်
မမေ့နိုင် ကမ္ဘည်းတိုင်မှာစွဲမြဲ
အသဲထဲထိနေရာယူ
ဤဇမ္ဗူမှာ သူလိုသူတစ်ယောက်တော့
တစ်ခေတ်တစ်ခါမှာ
အနှစ်သာ ကျန်ရစ်ပေပေါ့
ကျွန်တော့်တပည့် ဆလိုင်းနွယ်။
* ဆလိုင်းနွယ်တစ်ယောက်
ကျွန်တော့်ထံရောက်တော့
ရှေ့နောက်မညီတဲ့ စကားသံ
တိုင်းရင်းသားမှန်း သိသာပါတယ်
ရိုင်းပင်းတတ်တဲ့ စိတ်ထားကတော့
ဘာနဲ့မှ နှိုင်းမရတာ အမှန်ပါ
စကားအထာကို သဘောမပေါက်
"ဟော့ဆရာ . . . ငါ့ ငါ့ ငါ နဲ့မွေးရာပါ
နှုတ်ကျိုးနေတော့
အပြစ်ပြောဖို့အခက်သား
သဘောခွေ့ရင်တော့
မနောဖြူစင်တာ အကုန်မြင်မိ
ဒီလိုတပည့်တစ်ယောက်ရှိခဲ့ပါတယ်။
* တောင်ပေါ်သား ဆလိုင်းနွယ်
သမိုင်းတင်တဲ့ စကားတစ်ခွန်း
အံ့ဩလွန်းလို့ ပြောပြချင်တယ်
စစ်တပ်ထဲ ဘာကြောင့်ဝင်

မင်းရည်ရွှယ်ချက်ကို သိချင်တယ်ဆိုတော့
ဆရာ . . .
ငါ့အမေလည်း မတိုက်တွန်း
ငါ့အဖေလည်း ဘာတစ်ခွန်းမှ မပြော
ငါ့ကို တိုက်တွန်းတာက
ဗိုလ်တေဇဗျတဲ့ . . .
ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းကာ ပြောသွား
ထိုစကားကတော့
ယောကျ်ားမှန်သမျှ
ကျန်းမာသူမှန်သမျှ
စစ်မှုမထမ်းမနေရတဲ့
မြန်မာပြည် ငြိမ်းချမ်းဖို့အတွက်
ငါတပ်ထဲဝင်တာပါ ဆရာတဲ့ . . .။
* ဆလိုင်းနွယ်တစ်ယောက်
စိတ်ကူးပေါက်လို့ ဟုတ်နိုင်ပါဘူး
ဗိုလ်ချုပ်တေဇပြုံးလှလှကို
တယုတယ မျက်နှာမူဖော်
တော်တော်သေသပ် ငွေငါးကျပ်
ငါးကျပ်စက္ကူ မိတ္တူမကူပဲ
ညီတူချိုးခေါက်
လေးထောင့်အမာ ပလစ်စတစ်မှာဖြင့်
သေချာဖုံးထား ပိုးကြိုးပြားနှင့်
မြတ်နိုးကာ တန်ဆာဆင်
ကျွန်တော်သိချင်လို့မေးကြည့်
ကွက်တိ အဖြေသူ့မှာရှိတယ်။ ။

## ကျွန်တော့်တပည့်ဆလိုင်းနွယ် (၂)

* ဆရာ . . ဆရာ
မြန်မာမှန်လျှင် ကိုယ့်ရာဇဝင်ကို
မသင်ဘဲတတ် ပြောတတ်ရမယ်တဲ့
လည်ကုတ်သားလှလှသူတိုင်း
စိန်ရွှေရတနာ တန်ဆာဆင်ကြပါတယ်
ငါလည်း လှချင်တာပေါ့ဆရာ
ငါတို့ပြည်သား မေ့ထားကြတာက
ငါတို့ဖခင် အောင်ဆန်းသခင်ကို
နေဝင်မိုးသောက်တစ်ခေါက်လောက်မျှ
သတိရကြပါသလား
မလွတ်လပ်ခင် လွတ်လပ်ချင်ကြ
လွတ်လပ်ပြန်တော့ မေ့ရောရော့နဲ့
ပေါ့ပေါ့နေစား မြန်ပြည်သားများ
စကားလက်ဆောင်ပါးချင်ပါတယ်
ဆရာရယ် . . . . .
ပြောကောင်းတယ်လို့ ထင်ပါတယ်
အကယ်ရွှေ့များပေါ့
ဘန္ဒကမ္ဘာ ဤမြေလွှာတွင်
မြတ်ဘုရားဂေါတမ
ပွင့်များ မပွင့်ခဲ့ရင်
မြန်မာတွေ လွတ်လပ်အောင်
အထွဋ်အမြတ်လွတ်လပ်ရေးကို ရယူပေးခဲ့တဲ့
အဖဗိုလ်ချုပ်အောင်ဆန်းကို
ဘုရားစစ်စစ်စိတ်ထဲနှစ်လို့
အသစ်တစ်ဖန် ကိုးကွယ်ရန်သာရှိတော့မယ်တဲ့။

* ဆလိုင်းနွယ်စကား
ကြက်သီးဖျန်းဖျန်း ထလောက်ပါရဲ့
တကယ်တွေးကြည့်လေတော့
မြင့်မြတ်တဲ့သူအတွေးကို
လေးစားမိတာ အမှန်ပါ
ဗိုလ်ချုပ်ရုပ်ပုံ လည်မှာဆွဲထားတာက
လေးစားတာထက် ကျော်ပါတယ်ဆရာ
မြန်မာတွေ ကမ္ဘာ့အပြင်ဖက် ပြေးထွက်သွားခဲ့ပါဦး
ဒီလည်ဆွဲကိုမြင်
အောင်ဆန်းသခင်ကို တွေ့ရင်ဖြင့်
နင်တို့တွေ မြန်မာစစ်စစ်ပါလို့
ပြောမှာပါဆရာ။
အဖကို မြင်ချင်တာထက်
ရင်ထဲထိ အဖစိတ်ဓာတ်
မြင့်မြတ်စွာ ကိန်းအောင်း
အသစ်အသစ်တွေ ထပ်ခါဖြစ်ဖို့အတွက်
မြန်မာစစ်စစ်ပါလို့ ပြချင်တာပါဆရာတဲ့။ ။

## ကျွန်တော်တပည့်ဆလိုင်းနွယ် (၃)

* ဆလိုင်းနဲ့ကျွန်တော်
တိုက်ပွဲအလီလီ ပျော်ခဲ့ပါတယ်
တော်တယ်လို့ ဆိုရလေမလား
အားကိုးထိုက်တဲ့ သူရဲကောင်းပေါ့
အရပ်ထောင်မောင်း ဗလကောင်းကောင်းနဲ့
ဖြတ်ထိုးဉာဏ်ကောင်းလည်း ပိုင်ဆိုင်ထားတယ်
မကြောက်မရွံ့ နောက်မတွန့်ပဲ
ဇွဲနပဲကြီးစွာ အားကိုးခဲ့လို့
တာဝန်မှန်သမျှ ကျေချင်တယ်
တကယ်ရဲဘော် ဇာနည်ဖော်ကို
ကျွန်တော်ပိုင်ဆိုင်ခဲ့ဘူးပါတယ်။

* စစ်မြေပြင်မှာ ရန်သူများကို
နေလိုမီးလို ကျင့်ကြံပေမယ့်
အညှံ့ခံသူ ဒဏ်ရာလူကို
ကြည်ဖြူကမ်းလက်
အပြုံးဝေဆာဆာနဲ့
ကိုယ်တိုင်ဆေးထည့်
ကိုယ်တိုင်ပြုစု
ကိုယ်တိုင်ချက်ကျွေး
ကိုယ်တိုင်ထမ်းကာ
မမောမပန်းပြုစုတာ ချစ်စရာလေးပါဗျာ။

* ဆရာ . . .
သူတို့လည်းလူ ငါလည်းလူပါ
အသွေးအရောင်တွေ ခြားနား
စိတ်ဓာတ်တွေ ကွဲပြားနေပေမယ့်
လမ်းတစ်ခုခုကို တူတူလျှောက်
အရှေ့အနောက် သွားတာကွာတာပါ
မြန်မာ့မြေမှာပါဆရာ
သဘာဝကို ဆန့်ကျင်လို့ စစ်တွေပြင်
အပြစ်တွေမြင် စနစ်တွေ မင်ပေမယ့်
မကြြင်လို့ပစ်ထား ကိုယ့်တိုင်းရင်းသားပါပဲ
ဒီအာဃာတတရားတွေကို
မေတ္တာရေနဲ့ ဆေးကြောရင်
ဘယ်မဖြူဘဲနေပါ့မလားဆရာ
အဖြူသက်သက်အတွက်

ငါတို့အသက်တွေစတေး ပေးပါရစေ
အဖြူတွေ ဝေနေရင်
ပေးဆပ်ခြင်းအတွက် ကျေနပ်တယ်ဆရာ။

* မြင့်မြတ်တဲ့စိတ်ထား
စွန့်လွှတ်ခြင်းရဲ့သစ္စာ
ပေးဆပ်ခြင်းရဲ့ ကရုဏာတွေဟာ
စစ်သားတိုင်းရဲ့ မိဋ္ဌာန်ပါဆရာ
နိဗ္ဗာန်ကို မရောက်ချင်နေပါ
အတိတ်မှာ ကျန်ရစ်ရင်ဖြင့်
ခေတ်သစ်သမိုင်းမှာ တံတိုင်းကာရံ
နာမည်ကျန် မြန်မာမှန်ဖို့ပါပဲ
ဒါကြောင့် . . .
ရဲဘော်မသေ သေသော်ငရဲမလားပါ ဆရာ။

* ဆလိုင်းနွယ်တစ်ယောက်
တောတောင်ရေမြေအနံ့
မြန်မာပြည်တစ်လျှောက် ခြေဆန့်
တာဝန်တွေ ထမ်းခဲ့ပေမယ့်
ရွှေလည်တိုင် ဗိုလ်ချုပ်ပုံဆွဲကြိုးကတော့
အမြတ်တနိုင်းနဲ့ အလှတိုးလျက်ပါ
တစ်မိုးကုန်တစ်နွေရာက်
တစ်ဆောင်းပေါ့နှင်းတွေဝေတော့
တစ်ဆင့်မြင့်တာဝန်ပေး
ကျွန်တော်နဲ့ ဟိုး . . . . . အဝေးတစ်နေရာ
ပြောင်းရွှေ့ကာ တာဝန်ထမ်းတော့။

* ဆရာ . . . . .
ခွင့်လွှတ်ခြင်းနဲ့ ဝမ်းသာခြင်း

ပူးတွဲလို့ဆုပေး
ငှေ့ကနဲမျက်ရည်
အုံကြိတ်လို့ သိမ်းဆည်း
ဘာမထီလူသား စစ်သားပဲကွာ
မင်းခယောကျ်ားဖြစ်ခဲ့ကြလို့
ထားရာနေ စေရာသွား
ဘာဆန်းသလဲကွာ
ဒီလမ်း ဒီစခန်းက ပန်းတိုင်အတူပါကွ
ငါ့တပည့်လှမ်းကိုင်နိုင်ပါစေကွာ
ကျေးဇူးပါဆရာ . . . ကျေးဇူးပါ
လက်ခံပေးပါဆရာ
အဖိုးအခ မကြီးပေမယ့်
ကျွန်တော့်အမှတ်တရလေးပါဆရာရယ်
ဦးသုံးကြိမ်ဦးချ
ကျွန်တော့်အနားက ဆလိုင်းထွက်ခွာသွားပေမယ့်
ပိုးကြိုးပြာနဲ့ လက်ဆွဲလေးကို
ကျွန်တော်ငေးကြည့်နေမိ
အသိစိတ်ဝင်တော့ တင်းတင်းဆုပ်
ဗိုလ်ချုပ်မှန်းသိ
သတိဆွဲအလေးပြု
ဂုဏ်ယူစွာနဲ့ လည်မှာဆွဲ
တပည့်အတွက် ဂုဏ်ယူဆဲ
တိုင်းပြည်အတွက် ပေးဆပ်မြဲ
အခုတော့ . . .
လည်ဆွဲပိုင်ရှင် ဘယ်မှာလဲ။ ။

## လွမ်းမိတဲ့ လသာည

* စစ်မြေမှာလေ . . .
* လပြည့်ည တစ်ရက်ကျော်လို့
လဆုတ်ရက်ကိုဖြင့် နှစ်ရက်စွန်းပြီ
မိုးဦးချုပ်ဆီ လမသာ၍
သန်းခေါင်ယံကျော် ထိန်ထိန်သာတဲ့
ဖိုးရွှေလမင်းရယ်က
ပြုံးပြတယ်လို့ ကိုယ်ထင်မိတယ်။
* သို့ပေမယ့် . . . ဒီလိုညက
ဟိုးယခင်က . . . ခင့်အကြောင်းကိုဖြင့်
တွေးရင်တော့ ဘယ်မှာပြီးနိုင်လိမ့်
လွမ်းစိတ်နှင့်ချမ်းစိတ်ရောတာ
အိုမေခင်ရယ် . . .
ကိုလေ . . . ဒီညတော့
အိပ်ပျော်မယ် ထင်တော့ဘူးကွယ်။

ရှမ်းပြည်မြောက်ပိုင်း
အောင်ဟိန်းမိုးစစ်ဆင်ရေး
လပြည့်ညတစ်ည

## စကားပြောသောသွေး

* ငြိမ်းချမ်းချင်ပါပြီ
သွေးလွှမ်းတဲ့ သည်ခရီး
ပထဝီမြေကြီးက သိပါတယ်။
* ငြိမ်းချမ်းချင်ပါပြီ
အေးချမ်းတဲ့ ဘဝတစ်ခု
မင်းနဲ့ငါပြုစုကြမယ်။
* ငြိမ်းချမ်းချင်ပါပြီ
ဒီလမ်း ဒီစခန်း
ဒီစမ်းရေက
မင်းနဲ့ငါ . . .
အပန်းပြေ အလန်းဝေပါတယ်
ခမ်းလေသမျှ ချွေးသွေးတွေကို
အားသစ်တွေ မွေးကြရင်း
အနာဂတ်အသစ်ဆီကို
သွေးသစ်တွေနဲ့ ထုဆစ်ကြမယ်။

# နတ်သျှင်နောင်လောက်မြောင်း ①



## နတ်သျှင်နောင် ကောက်ကြောင်း

* မြန်မာ့သမိုင်းမှာ
အယဉ်မှအရှိင်း
သမိုင်းစွန်းထင်
ကမ္ဘည်းတင် အမှားတွေနဲ့
ထားခဲ့တဲ့ ရာဇဝင်
ရတုသခင် နတ်သျှင်နောင်မင်း
အမှောင်တွင်းနက် ဂန္ထဝင်တွင်။
* ဗဟိုက အင်းဝ
မြို့ပြနိုင်ငံငယ်တွေနဲ့
ပြည်မှာတစ်မင်း
စစ်ပြင်လို့အားပြိုင်
တစ်မင်းက ရခိုင်မှာ
အောက်ပြည်က
တလိုင်းနိုင်ငံ မုတ္တမရယ်ပေါ့
ဟံသာဝတီ(ပဲခူး)လည်း
အုံ့မခန်းစည်တော်ကြီးနဲ့
မနီးမဝေး ခရီးတစ်ထွေးလောက်မှာက
ကေတုမတီ နန်းတည်လို့
မင်းတရား ရွှေထီးအုပ်စိုးခဲ့
ပဒေသရာဇ်ရဲ့ မြန်မာ့ရာဇဝင်။
* တောင်ငူခေတ် နတ်သျှင်နောင်က
ရုပ်ဆင်းအင်္ဂါ ငေးလောက်ပါ၏
ရှုပါကျော့ရှင်း မင်းသွေးလက္ခဏာ
ပြည့်ပြည့်ဝဝ လှပယဉ်ကျေး
ကေတုမတီအပြင် ထက်အောက်စဉ်နှင့်

ဟံသာဝတီပြည်ကြီးအနံ့
သတင်းပျံ့လို့ ဟုန်းဟုန်းမည်
သုံးပန်လှယောကျာ်း အာဂလူပင်။

* နတ်သျှင်နောင်စစ်သူကြီး . . .
သစ်ငုတ်ကျားဆီး မှုကြီးရေးခွင်
ရှေ့ဖျားတင်၍ ဆင်လျှင်ဆင်ချင်း
မြင်းလျင်မြင်းတိုက် တိုက်တိုက်သရွေ့
တွေ့တွေ့သမျှ ကာလမရွေး
တို့မဝေးကား အရေးမရှ
ဗိုလ်တုပျက်ချဉ်း ယှဉ်တိုင်းလည်းစိမ့်
သူ့အတိတ်က မြဲမြဲကြံ့ခိုင်
အနိုင်မလေး စစ်ရေးကျွမ်းကျင်
စစ်ဆင်စစ်တက် စက္ကဗျူဟာ
ပိုင်နိုင်စွာတည့်။

* ဒါတွင်မက . . .
ပါရမီလည်းထူး ဉာဏ်ကွန့်မြူး၍
ထူးခြားစာပေ အထွေထွေကို
မသွေနှံ့စပ် ပျို့တေးထပ်နှင့်
ရတုရကန် မကျန်သံပေါက်
ကာရံလေးကြိုး ဒွေးကြိုးအလင်္ကာ
များစွာအိုင်ချင်း တွာချင်းလည်းပါး
ပေစာကေပိုဒ် နှိုက်နှိုက်ချွတ်ချွတ်
မလွတ်ရအောင် ကြိုးစားဆောင်ခဲ့
နောင်လာနောင်သား ပါးစပ်ဖျားမှာ
ထူးခြားကဝိပညာရှင်
ရတုဘုရင်နတ်သျှင်။ ။



# နတ်သျှင်နောင်ဟောကိန်းပြောင်း (၂)

* စစ်ထွက်ယောကျ်ား နတ်သျှင်ဘုရားသည်
တပ်သားဗိုလ်ချုပ် ဦးစီးလုပ်၍
အယုဒ္ဓယပြည်သိမ်း တိုက်ပွဲစိမ်းကို
မယိမ်းစိတ်ဓာတ် ခိုင်ခိုင်မတ်လျက်
ကြပ်ကြပ်စီမံ ရဲသွေးနီလှ
မြန်မာကွပဟု ရှေ့မှစွန့်စား
တိုက်ခိုက်သွားခဲ့ ရွှေခေါင်းဝင့်မြ
အပွဲပွဲကို ရယူနွဲ့သည့်
အရွယ်ကဖြင့် တစ်ဆယ့်လေးနှစ်။

* ရတုဘုရင် မင်းနတ်သျှင်သည်
စောလျှင်စစ်ထွက် တိုက်ပွဲဆက်လည်း
ကျေးငှက်သာရကာ မြောက်မြားစွာနှင့်
သာယာတောတောင် စိမ့်စိမ်းမြောင်ကို
အမောင်စစ်သည် လွမ်းရစ်သည်ဟု
သီကာစီကုံး ဖွဲ့နွဲ့ထုံးမူ
ဘယ်မတူ၍ ကြင်သူသက်ထား
ဟိုးနောက်ဖျားသို့ စာလွှာပါးဆင့်
ရင်ထဲနှင့်အောင် မလင့်ပြုစု
ကျမ်းစုစုကို အနုအရွ
သမုဒ္ဒယနှင့် များစွာစာပေ
အထွေထွေဖြင့် စေတမန်ပီသ
နက်ရှိုင်းလှသည့်
စစ်ထွက်စာဆိုရှင် မင်းနတ်သျှင်။
* ဟံသာဝတီ နန်းတွင်းဆီတွင်
ကြည်ဖြူဝင်းပ ရှုတိုင်းလှသည့်
ကလျာခေတု ထိပ်ထားစုမှာ
ရတုသခင် မင်းနတ်သျှင်၏
ကြင်ဖော်ဆွေဖက် ဂရေဆက်ပေါ့
ချစ်သက်သဲလျာ ဝတီသာခဲ့
မြန်မာဂန္ထဝင် ရာဇဝင်တွင်
ရှင်ကုသနှင့်ပပဝတီ
မင်းနန္ဒနှင့် ရှင်မွေးနွန်း
မယွန်းအချစ် အသစ်သစ်နဲ့
ခေတ်တစ်ခေတ်ကို ထူထောင်သူ။ ။

## နတ်သျှင်နောင် ကောက်ကြောင်း (၃)

* ကေတုမတီ နန်းတွင်းဆီက
ရောင်နီအသစ် ကိုးခွန်တစ်(၉၇၁)တွင်
မင်းနတ်သျှင်မှ ထီးနန်းရ၍
များလှပြည်သူ အပေါင်းလူ၏
ဩူစူမဲ့ကင်း စည်းလုံးခြင်းဖြင့်
အဆင်းလည်းလှ ထွန်းတောက်ပဖို့
ငါ့မှာတာဝန် ကြီးလေးစဉ်ကို
ဆင်ခြင်တုံတရား ဆယ်ပါးမင်းကျင့်
မလင့်ရအောင် ငါ့ပြည်ထောင်ကို
ညီနောင်အားဖြင့် တည်ဆောက်အံ့။
စည်အောင်အလှဆင့် ချယ်မှုန်းအံ့။
* ပဒေသရာဇ် မင်းစနစ်ကြောင့်
ထိုခေတ်အခါ ပြည်မြန်မာသည်
တစ်ရွာတစ်မင်း ခေါမိုးရင်းဖြင့်
အချင်းလည်းပြိုင် မာန်တင်းခိုင်လို့
အားပြိုင်စစ်ခင်း သွေးသားရင်းတို့
ချစ်ခြင်းမြေခ သွေးချွေးကျရ
ဘဝများစွာ ပျက်သုဉ်းကွယ်။
အလှများလည်း ရင်နင့်ဖွယ်။

* ကိုးခြောက်ခွန်နှစ်(၉၆၇)မင်းစဖြစ်သည့်
အနောက်ဖက်လွန်မင်း သုံးလူ့မင်းက
သလင်းလည်ကျေ အစည်းပြေသည့်
ဤမြေရေထု ပြန်ပေါင်းစုဖို့
အတုမရှိ အားပြိုင်သည့်သူ
ဇမ္ဗူတစ်ဝန်း ညဏ်ထက်စွမ်းကို
အောင်နန်းအရှင် ကေရာဇ်ဘုရင်ဟု
တစ်ပင်တည်းဟူ အောင်လံထူမည်
များသူ စိတ်ဝမ်းညီစေသတည်း။
နတ်လူသာခုခေါ်စေသတည်း။
* အနောက်ဖက်လွန်မင်း သုံးလူ့မင်းသည်
အချင်းပြိုင်စွယ် ရှမ်းကိုးနယ်နှင့်
ဇင်းမယ်လင်ဇင်း မှန်နန်းကင်းကို
စစ်ခင်းသိမ်းယူ ဘဏ္ဍာဟူသမျှ
မြူမှုန်မကျန် အားမာန်မလျော့
ရင်ကိုကော့လျက် သော့သော့လျှင်လျှင်
ဆောင်ငင်ယူခဲ့ တစ်ဖန်လှည့်၍
ယဲ့ယဲ့လေးကျန် မာန်ကိုအံ့တင်း
ခုခံရင်းဖြင့် ပြည်မင်းတစ်နယ်
ကိုးရာခုနစ်ဆယ် (၉၇၀) သက္ကရာဇ်ဝယ်
မာန်စွယ်ကိုချ ဒူးတုတ်ရပြီ
သံလျက်ကိုချ မင်းခရသည်။
ပြည်တစ်နယ်လုံး စင်စစ်စစ်သိမ်းယူပြီ။ ။

## နတ်သျှင်နောင်ကောက်ကြောင်း (၄)

* အနောက်ဖက်လွန်မင်း စစ်ခင်းလို့ပြိုင်
မြို့ပြနိုင်ငံ တိုင်းမကျန်အောင်
မှန်မှန်သိမ်းယူ မြို့တောင်ငူကို
မတူကွဲပြား ထိုးစစ်များနှင့်
စဉ်းစားချင့်ချိန် မျိုးဂုဏ်ရှိန်ဝင့်
အသင့်ဖြစ်က တိုက်စွမ်းပြဖို့
ရက်လနှစ်ကို စောင့်လို့ကြို။

* နတ်သျှင်နောင်မှာ သည်ချိန်ခါကို
လာမည်မှန်းသိ စိတ်ထဲရှိ၍
ရှိသည့်အင်အား စုစည်းထားဘိ
ကျုံးတားမြို့ရိုး မတိုးမပေါက်
အမြောက်ကျဉ်ဆံ မီးပေါက်သံနှင့်
စစ်မာန်စစ်သွေး စစ်ရေးဗျူဟာ
ကျွမ်းကျင်စွာဖြင့် အသင့်သတိ
မိမိကိုယ်တိုင် သံလျက်ကိုင်၍
အနိုင်မပေး တောင်ငူသွေးကို
မနှေးပြရန် ဇာတိမာန်ဖြင့်
ကြိမ်ဖန်များစွာ စောင့်နေ၏။

* နန်းတက်ပြီးစ နှစ်နွေမျှပေါ့
ရာဇပလ္လင်မမြဲခင်မှာ
ပြည့်ရှင်အင်းဝ မဟာဓမ္မရာဇာက
ငါ့ညီနတ်သျှင် ငါ့ရိပ်ဝင်ခဲ့
ငါ့ပင်လုပ်ကျွေး ငါ့အရေးကို
မနှေးဆောင်ရွက် အသက်ဆက်လော
တစ်ချက်ကြံဆ ခြားနားကြက

များလှပျက်ဆီး ဟုန်းဟုန်းမီးနှင့်
စစ်ကြီးဒုက္ခ ပူပန်ရမည်
ရာဇသံမိန့် တံဆိပ်နှိပ်၍
သွေးရိပ်စာချွန် ငယ်ကျွန်နဲ့အရောက်ပို့။
* ထိုသက္ကရာဇ် ကိုးခွန်နှစ် (၉၇၂) မှာ
စစ်ချီစစ်ခင်း ဆင်မြင်းဗိုလ်ပါ
တပ်များစွာဖြင့် ချီတက်လာ၏
ဝိုင်းကာဆို့ပိတ် မြို့ရိုးဂိတ်ကို
ကြိတ်ကြိတ်ထိုးဖောက် အနောက်မကျန်
ပြင်းပြင်းထန်၍ လျှင်မြန်တိုက်ခိုက်
ဇွတ်သိမ်းပိုက်လည်း ကြံ့ခိုင်မြင့်မား
တောင်ငူသားတို့ ငွားငွားဝင့်ဝင့်
ကြားကြားဆင့်၍ မလင့်သဏ္ဌာန်
ခြသေ့်ဟန်ဖြင့် ဖန်ဖန်ထိုးခုတ်
နောက်မဆုတ်ပဲ မိုးချုပ်နေဝင်
မင်းနတ်သျှင်သည် လျှင်မြန်ဗျူဟာ
ချမှန်ကာဖြင့် ကြံ့ကြာစစ်ခံနေလေ၏။
* စစ်ရက်ရှည်ကြာ ဝိုင်းရံကာဆီး
စစ်ငြီးငွေ့ပျံ့ စစ်ဒဏ်ဒုက္ခ
စစ်အန်ကျ၍ များလှပြည်သူ
ရဟန်းလူမှာ အကူရိက္ခာ
များစွာမကျန် အငတ်ခံလို့
မြင်ဖန်များလျှင် မင်းနတ်သျှင်သည်
အားပင်ဖြေလျော့ မာန်ကိုလျှော့၍
သောကဝေစွာ စေ့စပ်ပါသည်
နောင်ခါနောင်ဈေး ပြေငြိမ်းရေးကို
ဦးပေးဆောင်ရွက် ပြည်သူ့အသက်ကို ကယ်ခဲ့၏။ ။

## နတ်သျှင်နောင်ကောက်ကြောင်း (၅)

* ကိုးခွန်နစ်နှစ်(၉၇၂)သက္ကရာဇ်တွင်
စစ်ရှုံးနတ်သျှင် တောင်ငူဘုရင်မှာ
မှန်ကင်းချ၍ အင်းဝလက်အောက်
သက်ဆင်းရောက်ခဲ့ နောက်လိုက်ဘုရင်
ရာဇဝင်ကို မတင်ချင်လည်း
တင်ခဲ့မျက်ရည် တစ်စွေစွေကြောင့်
မကြေဥဒါန်း အခွင့်လမ်းကို
မျှော်မှန်းကာချ မိုက်နောင်တဖြင့်
အတ္တခုံမင် နှင်ခဲ့သည်။
မြန်မာ့ရာဇဝင်တွင်ခဲ့၏။

* ထိုနောက်နတ်သျှင် ရတုရှင်သည်
သံလျင်မြို့စား ဖိလစ်အပါးသို့
ငါ့မျှားဆွေမျိုး ငါ့ကိုဆိုးသည်

သူ့ကျိုးကိုကြည့် ငါမချို့ပြီ
ငါ့ရှိတိုင်းပြည် ကေတုမတီကို
ရည်ရွယ်ဖျက်ဆီး ဟုန်းဟုန်းမီးနှင့်
ငါသီးမခံ ငါ့၏ရန်ကို
တွန်းလှန်ချေဖျက် ငါ၏ဘက်မှ
လာလှည့်ကူလော ဇေင်ကာ။
မကြာပဲယူလော အပြန်ခါ။
* ကိုးခွန်လေး နှစ်(၉၇၄) သက္ကရာဇ်တွင်
စစ်မြန်မြန်ပြင် စောစောလျင်နှင့်
ဇေင်ကာသည် တောင်ငူဆီသို့
ရေကြောင်းချီတက် ခပ်သွက်သွက်ဖြင့်
ခမည်းခမက် စစ်မာန်တက်သည့်
ရက်စက်လှိုင်းထ ဗညားဒလက
များစွာကြည်းကြောင်း နှစ်ဖက်ပေါင်း၍
ထောင်းထောင်းချေစေ တောင်ငူမြေကို
မသွေသိမ်းပိုက် ပြင်းပြင်းတိုက်၍
မီးတိုက်ထားခဲ့ များလှရတနာ
တန်ဆာပလာနှင့် ပညာရှိသူ
လူသူရဟန်း စစ်သုံ့ပန်းဖြစ်
မခမ်းမျက်ရည် စမ်းဖြင့်စေခဲ့
စေခိုင်းလေသူ တောင်ငူဘုရင်
မင်းနတ်သျှင်သည် သံလျင်ကိုရောက်
ဘာသာပျောက်လို့ အစွန်းရောက်မိစ္ဆာဖြစ်ခဲ့သည်။
ငရဲတံခါးကို ခေါက်ခဲ့၏။ ။

## နတ်သျှင်နောင်ကောက်ကြောင်း (၆)
### (နိဂုံး)

* အနောက်ဖက်လွန်မင်း ချက်ချင်းသိက
များလှစစ်သည် ရာထောင်ချီ၍
အောက်ပြည်စုန်ဆင်း ဆင်မြင်းဗိုလ်ပါ
ကွပ်ကဲကာဖြင့် မြန်စွာဝိုင်းရံ
တိုက်ခိုက်ပြန်လည်း သံလျင်မြို့စား
ငဇင်ကာကား များစွာခုခံ
သုံးလတန်မျှ မာန်မချ၍
မြေမှဥမင် တူးကာထွင်ပြီး
ဝင်ခါမီးတိုက် မြို့သိမ်းပိုက်ခဲ့။

* မြို့ကိုရလျှင် မင်းနတ်သျှင်နှင့်
သံလျင်မြို့စား လူမျိုးခြားကို
ငါ့များရှေ့တော် သွင်းစေသော်ဟု
အခေါ်စစ်ဆေး စစ်မြန်းမေး၍
ပြည်ရေးကိုစွက် ဘာသာဖျက်သည့်
တစ်ဖက်ခြားသား ပေါ်တူဂီသားကို
အများရှေ့တွင် တံကျင်လျှိုလျက်
မြင်သာထင်သာ ကွပ်မျက်ပါသည်
ပြည်ပရန်စွယ် အေးစေ၏။
သာသနာ့အန္တရာယ် ငြိမ်းစေတည်း။

* နတ်သျှင်နောင်ကား ပေါင်းစည်းအားဖြင့်
အရေးမထား သွေးသားအရေး
ပြည်တွင်းရေးကို အတေး အငြိုး
ကိုယ်ကျိုးအတွက် အတ္တဖက်လို့
ဝကွက်တိုင်းပြည် အပ်ခဲ့သည်မှ
ဤသာသနာ ဤဘာသာကို
ဖယ်ခွာစွန့်ပစ် ဒိဋ္ဌိသစ်နှင့်
မနှစ်မိစွာ ယူခဲ့ပါ၏
မြန်မာစစ်စစ် အစွန်းချစ်ကြောင့်
ခေတ်သစ်သမိုင်း တင်သည့်ရိုင်းမို့
ပြည့်တိုင်းတခွင် သိစေချင်၍
သံလျင်မြို့ဝယ် ဈေးအလယ်တွင်
နေကွယ်သတ်စေ ကွပ်မျက်လေသည်
ကြွေလွင့်ပေပေါ့ လွမ်းစာရှင်။
* ရတုသခင် မင်းနတ်သျှင်သည်
စစ်ပြင်စစ်တက် စစ်မက်ရေးရာ
နည်းဗျူဟာကို မှန်စွာသုံးသပ်
အဆုံးဖြတ်တော် ခေါင်းဆောင်မော်ဟု
သို့သော်မာန အဖွတကြောင့်
မလှပစွာ ဇာတ်သိမ်းရှာသည်
နောင်လာသားတို့ သင်ခန်းစာ။
* ဩော် . . .
တုန္ဓိုင်းမယှဉ် ဂန္ထဝင်နှင့်
မင်းလွင်မင်းသစ် ထင်ကျန်ရစ်သည့်
ခေတ်သစ်စာဆို နတ်သျှင်ပျိုသည်
နေညိုချိန်စော နှမျောတသ

လွမ်းရပါ၏ ရှိစဉ်အခါ
များစွာစာပေ ရသတွေကို
ဤမြေတလွှား ပြိုင်စံရှားသည့်
ချိန်ထားရစ်သူ ကမ္ဘည်းထူခဲ့
နှောင်းလူအများ ကျေးဇူးတင်
ရတုစာဆိုရှင် မင်းနတ်သျှင်။
* ဥတ္တရဂ်ကုန်းပေါ် မြတ်ဆံတော်သို့
ဖူးမျှော်ဦးခိုက် စိုက်စိုက်မြိုက်မြိုက်
ကျိုက်ခေါက်စေတီ ရောက်ခဲ့ပြီပေါ့
ဟိုဆီမြောက်ဘက် စောင်းတန်းဘက်မှာ
အိပ်စက်လှဲလောင်း ဂူအိုဟောင်းကို
ပြန်ပြောင်းကာကြည့် ရင်ထဲမချို့ပြီ
သိခဲ့သည့်စိတ် ဆွေးရိပ်ရိပ်က
အတိတ်ဖြစ်ရပ် မှန်တစ်ချပ်လို
ရင်သပ်မြင်မိ လွမ်းတိတိနှင့်
စွဲငြိကာကျန် မြို့သံလျင်မှ
နတ်သျှင်နောင်၏ ကောက်ကြောင်းတည်း
ရတုသခင်၏ နောက်ဆုံးခရီး။ ။

**"ကိုးကား"**

* သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်သမိုင်း
* "နတ်သျှင်နောင်"လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး။

## ငယ်ကအလွမ်း



* ငယ်ကအလွမ်း
တမ်းတလို့ မှန်းဆပေမယ့်
ကျွမ်းခဲ့ရ အခါခါ။

* ယခုအခါ
ယုယကာ လွမ်းခဲ့ပေမယ့်
နုခဲ့တဲ့ဘဝတစ်ခုကို
ပြန်လွမ်းကာတမ်းတ။

* ဪ . . .
ဇရာတွေကြိုကာထောက်
ပျိုငယ်တာ တစ်ခေါက်တော့
အရောက်သွားလို့ ဆန်းချင်ပါတယ်
ငယ်က အလွမ်းကိုပေါ့။ ။

# မြန်မာ့အလှ



## မြန်မာ့အလှ

* မြင်သမျှ ဘဝင်ကျလှ
မြန်မာ့ဝတ်စုံ။
* လုံခြုံကာအလှဆန်း
ကမ္ဘာတစ်ဝန်းက စိတ်ဝင်စား။
* မြန်မာ့အလှကိုဖြင့်
မြန်မာတွေ အလေးထားမှ
မြန်မာသဘာဝပိုထင်ကြွယ်
မြန်မာ့မျိုးဂုဏ် ပိုစင်ကြယ်
မြန်မာဟော့လို့ ကြွေးကြော်ရယ်
မြန်မာတို့တစ်တွေထိန်းသိမ်းမယ်။ ။

## ပီတိမျက်ရည်

* အာဃာတရား
မာန်မာနများ
မောဟ ဒေါသ သောကများစွာကို
မဖျိုမတရားတွေက အနိုင်ယူ
နှလုံးသားက ဖြူစင်ဆုံး အပြုံးတွေနဲ့
အမုန်းတရားတွေ ခဝါချ
အရှုံးများစွာကို နင်းချေလို့မေ့ပစ်
အနာဂတ်အလင်းရောင် အသစ်တွေနဲ့
ပြေးဖက်လို့ အတူလက်တွဲ
ညီညာမကွဲ လျှောက်လှမ်းကြမယ်
ပြည်မြန်မာအမြဲ အခွန့်ရှည်စေကွယ်
ပီတိမျက်ရည် ဝေပါစေတကယ်။ ။

ဒေါက်တိုဘာလ (၁၄) ရက်နေ့
ငြိမ်းချမ်းရေးလက်မှတ်ထိုးပွဲကို
ဝုဏ်ပြုလျက်။

## အမိမြေရဲ့ စစ်မြေ

* စစ်ထွက်ဖို့ပါ အမေ
တစ်နေ့တစ်ရက်ကနေ
နှစ်လရက်ရှည် ကြာချင်လည်း ကြာမယ်အမေ။
* စစ်ထွက်ဖို့ပါ အမေ
သားအတွက် မျက်ရည်
တစ်စက်မကျပါနဲ့အမေ
အမိမြေပုံမထွက်ဖို့
အသက်ဆက်လို့ ကာကွယ်တာ
အမေဂုဏ်ယူလိုက်ပါအမေ
* စစ်ထွက်ခဲ့ပြီ အမေ
တိုက်တိုင်းလည်း မသေ
သေတိုင်းလည်း ငရဲမကျ
စစ်သားဘဝကို ဂုဏ်ယူ
အမေကြည်ဖြူအောင်တော့
မပြောတတ်ဘူးပါဘူးအမေ။
* အမေ . . .
သားပြန်လာမယ့်နေ့ရက်တွေက
မှန်းဆလို့မရဘူးအမေ
အပြစ်များရှိရင် ခွင့်လွှတ်ပါအမေ
ထိခြင်းငါးပါးနဲ့ ရှစ်ခိုးပါတယ်အမေ
ကံကြမ္မာက အမေ့ဘက်မပါရင်
သားအတွက် မျက်ရည်မကျပါနဲ့အမေ
ပြန်လာမယ့်ရက် အထွေထွေကို
မျက်ရည်နဲ့ စစ်ခင်းပါနဲ့ အမေရယ်
သားလေ . . .
အမိမြေရဲ့ စည်းရိုးတစ်ကြောမှာ
သွေးအသက်ပေးလို့
အမေ့ကို ငေးကြည့်နေမှာပါအမေ။

## မေတ္တာလမ်း

* စားပါအမေ
သားတို့ချွေးနည်းစာလေးနဲ့
တဝက်ဆီစားကြတာပေါ့အမေ။
* စားပါအမေ
အမေ ငတ်နေတဲ့သားတို့
ရောက်တဲ့နေရာ အမေများစွာကို ခင်တွယ်
အမေများစွာကို ပြုစု
အမေများစွာကို ကျွေးမွေး
အမေများများကြားမှာ ပျော်ပါတယ် အမေရယ်။
* ဝအောင်စားပါအမေ
သားတို့တစ်တွေအတွက်
ချန်ထားပါနဲ့အမေ။
* အမေစားရင် သားတို့တစ်တွေ
ပီတိအားတွေ ပြည့်သွားပါတယ်
အမေဝရင် သားတို့တစ်တွေ
အလှတရားတွေ ပြည့်သွားပါတယ်
သားတို့တစ်တွေအတွက်
အခကြေးငွေ မလိုပါဘူးအမေ
သားတို့အတွက်
အမေ့ရဲ့ . . . . .
မေတ္တာသာလိုပါတယ်အမေ။ ။

## မဲတစ်ပြားနဲ့တာဝန်ခြား

* အသဲခြားက
မဲတစ်ပြားကို ပေးချင်ပါတယ်။
* လွှယ်ထားရ တာဝန်တွေက
အမိမြေ အစွန့်ရှည်ရေးအတွက်
နေ့ရက်ဆက် သတိမပြတ်ပဲ
စည်းအထပ်ထပ်ကို
အသက်နှင်းဆက်လို့ကာကွယ်။
* ပြုံးပျော်စွာ မဲပေးပါကွယ်
အေးအေးချမ်းချမ်းမဲပေးကြပေါ့
သွေးသားအရင်းတွေမို့
အတွေးမမှားပဲ
နောင်အနာဂတ်အတွက်
ခေါင်းဆောင်တစ်ဦးကို ချစ်ရင်တွင်းနှစ်လို့
အသဲခြားက မဲတစ်ပြားကို
ရဲရဲရင့်ရင့်ပေးကြပါကွယ်။
* ဪ . . . . .
တို့တစ်တွေလည်း ပေးချင်တာပေါ့
အသဲခြားက မဲတစ်ပြားကတော့
ခြားခဲ့တဲ့ တာဝန်တွေကြောင့်
ပြည်သူတွေ မဲပေးတာကိုဖြင့်
ပီတိဖြင့်ရင်း ကြည့်ရင်းကျေနပ်တယ်။
ရင်တွင်းဖြစ် မဲတစ်ပြားကတော့
အသဲကြားမှာ ရှိပါတယ်။

**"ပြည်သူတွေ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အမိမြေကို ကာကွယ်ပေးနေသော တပ်မတော်သားများကို လေးစားလျက်။"**

## ရင်ခုန်တဲ့ည



* ရှင်လိန်ပြန်တဲ့နေ့က
ဒီနေ့ညလောက် ရင်မခုန်ဘူး။
* တက္ကသိုလ်ဝင်တန်းအောင်တဲ့နေ့က
ဒီနေ့ညလောက် ရင်မခုန်ဘူး။
* ချစ်သူအဖြေပေးတဲ့နေ့က
ဒီနေ့ညလောက် ရင်မခုန်ဘူး။
* ခုန်လိုက်တဲ့ရင် . . .
မိုးမလင်းခင် သိချင်တယ်၊
အမျိုးရင်းတွေ အချစ်တွေ မပေါ့ကြပါနဲ့
အတိုးရင်းတွေ ဆပွားလို့
သွေးသားချစ်ဆွေရေ အမှန်ကို သိချင်တယ်
မိုးမလင်းခင် ပြောလှည့်ပါကွယ့်
ရင်ခုန်နှုန်းက မြန်နေတယ်။

**တရားမျှတသော အထွေထွေရွေးကောက်ပွဲကို**
**ကြိုဆိုဂုဏ်ပြုလျက်**



## ကြိုနေမယ်မောင်

* ချစ်သူမှာတမ်း မောင်လာလမ်းကို
မျှော်မှန်းတမ်းတ လက်ချိုးရတာ
ရက်လလေးနွမ်း မေလွမ်းနေပြီမောင်။

* ပြော်မောင်ရယ် . . .
မောင်က စစ်သား ဇာနည်ဖွားမို့
လွယ်ထားတာဝန် စဉ်ကျေပွန်အောင်
အားသွန်ခွန်စိုက် ယှဉ်တိုက်ခိုက်လည်း
ဆိုးမိုက်ရန်မူ မျိုးဖျက်သူကို
ချေယူအောင်ပန်း မောင်ဆင်မြန်းခဲ့
လက်ကမ်းကြိုဆို သပြေညိုနှင့်
လာလမ်းမောင့်ကို ကြိုနှင့်မယ်။ ။

(၁၉၉၄ ပြည်သုံ့တပ်မတော်စာစဉ် မတ်လထုတ်)

## ပါရမီဖြည့်ဖက်ပါမောင်

* မောင်နှင့်လက်ဆက် ဂဟေဆက်တုန်းက
သေနတ်ဆိုတာ မပါခဲ့ပါဘူးမောင်။
* ဘိုကေနောက်ဆံထုံးပါ လိုက်လာတုန်းကလည်း
မောင်ပဲရှေ့တန်းထွက်တာပါမောင်။
* မောင့်ကိုချစ်တော့ မောင့်ဘဝကိုဝင်
ပြည်ခင်တဲ့စစ်သား ဇနီးမယားဘဝ
သမီးသားတွေပွား အသဲမာခဲ့ပြီပေါ့မောင်။
* အခုတော့ . . . . .
မေလည်းမနေသာ မောင့်အပါးက မခွာပေါ့
သေနတ်ကိုဆွဲ မောင့်လက်ကိုတွဲပြီး
တိုက်ပွဲအလီလီကိုနွှဲ
ပြည်သာယာငြိမ်းအေးဖို့အတွက်
ဇာမဏီစိတ်ဓာတ်ကိုမွေးမြူ
အခက်ခဲဟူသမျှကို မျှဝေခံစား
ပါရမီဖြည့်ဖက် မေ့ဘဝ
ပျော်နေရပါပြီမောင်။ ။

## တောပျော်ထမင်းဝိုင်း

* တောပျော် ထမင်းဝိုင်း
မြင်သူတိုင်း သွားရည်ယို။
* အပိုတွေမပြောပါဘူ
Sedona နဲ့ Trader
ဟော်တယ်များတောင် မရှိပါတယ်
လေကြီးတယ် မထင်လိုက်ပါနဲ့
ကြေးကြီးပေး (ရော့) မှာစားလျှင်လည်း
ဒါလားဟဲ့လို့ စားဖို့မှုးငိုမယ်။
* အမျိုးမည် အမယ်စုံ
အကုန်အစင်တော့ မပြောပါဘူး
ကြုံရင်တော့ ဝင်စားခဲ့ပါ
လာသမျှကို ဖိတ်ခေါ်ပါတယ်။
* တာလပေါ ဟင်းချိုချိုက
ကျောက်ချဉ်ပေါင် ကျောက်ကန်ဇွန်းနှင့်
ဝရောင်းချဉ်ကို ကျက်ကျက်မွှေ
မျှစ်စိမ်းစိမ်းနုတ်နုတ်စဉ်း
ငရုတ်စိမ်းနိုင်းခြင်း။
* သစ်တုံးဆွေးဆွေးမှာ တွယ်ကပ်
လတ်လတ်ဆတ်ဆတ် မှိုညီနောင်ကို
ဖလန်တောင် ဓားပါးရိုက်လို့
ကျော်စံကေး အသားခပ်ပေါ့
အစပ်အဟပ် တည့်အောင်ချက်ထားပါတယ်။
* အရည်သောက်အတွက်က
မရိုးလောက်တဲ့ငှက်ပျောအူကို
ပဲပိုးထိုးကျောက်ပေါက်မာနဲ့

ရောသမလို့ မွှေထားတယ်
* ပင်မဟင်း တစ်လက်ကတော့
ပိန္နဲသီးကိုနှပ် ဝက်သားအမှတ်နဲ့ပေါ့။
* တို့စရာလက်တစ်ကမ်း
သွားရည်ရွှမ်းရွှမ်းကျချင်စရာ
မှိုနတို သရက်ကင်းနဲ့
**ကင်မနင်းရွက်** ခပ်ချဉ်ချဉ်
ပန်းဖောက်ထိုး အရွက်ဖားဖား
ဆေးမြင်းခွာ ကျွတ်ကျွတ်ဝါးပါလို့
တညင်းသီးများလည်းပါလိုက်သေး။
* လာကြပေါ့ အသက်ရင်းတို့
စားပွဲခင်း ကုလားထိုင်မလိုပါဘူး
သဘာဝအခင်းအထိုင်က ခိုင်ခန့်ပါတယ်။
* ခေါက်ပန်းကန်ပြားမှာဖြင့်
လက်ရည်တပြေးတည်းပေါ့
ဟန်ကောထမင်းအတုံးရုံးကို
မျှင်ငပိလက်တစ်လုံးလောက်နဲ့ စကေးချ
မေ့မရတဲ့ နတ်သုဒ္ဓါ
ဟင်းလျာမယ်အစုံစုံနဲ့
တက်စုံရွက်လွှင့် လွေးလိုက်ကြမယ်
ငေးသူတိုင်း သွားရည်ယိုမယ့်
တို့ တောပျော်ထမင်းဝိုင်း ။ ။

* **မှိုညီနောင် - ဘိုးကြီးနားရွက်အဖွားကြီးနားရွက်ခေါ် သောမှို။**
* **ကျော်စံတေး - စားဖားသေးသေးလေးများ**
* **ခေါက်ပန်းကန် - ပလစ်စတစ်မြေခင်း**

## ရွှေရောင်တိုင်းပြည်

* အမုန်းမပွားကြပါနဲ့
အရှုံးများစွာကို နမူနာယူ။
* စည်းလုံးကြဖို့အတွက်
နည်းလမ်းမျိုးစုံကိုနာခံယူ။
* တိုးတက်ကြီးပွားဖို့အတွက်
မျိုးဆက်သစ်များစွာကိုမွေးမြူ။
* ကုန်ဆုံးသွားတဲ့ နာရီများစွာကို
ထပ်မဆုံးရှုံးဖို့အတွက် သင်ခန်းစာယူ။
* စနစ်သစ်တိုင်းပြည်အတွက်
အချစ်သစ်နဲ့ ချီတက်မယ်
သမာသမတ် စိတ်ထားတွေနဲ့
မခိုမကပ် ခွန်အားတွေပေးမယ်
ချွေးအစက်စက်တွေ ညစ်ထေမနေဖို့
သွေးအသက်တွေနဲ့ သက်သေပြမယ်။
ဘိုးဘေးတွေရဲ့ အမိမြေကို
အစွန်းထေးမခံဘဲ ထိန်းသိမ်းမယ်
မျိုးမြန်မာပီသဖို့အတွက်
တို့တစ်တွေတာဝန်ကျေကြမယ်
**ရွှေရောင်တိုင်းပြည် ဖြစ်စေမယ်၊**
**ရွှေရောင်လွှမ်းလွှမ်းရှိစေရမယ်၊ ။**

## မောင်မောင် မခေါ်တော့ပါ

* မိုးထဲရေထဲ ၊ ငါလက်တွဲလည်း
မြတ်ခဲ့လက်ဖြုတ် ၊ မင်းနောက်ဆုတ်၍
သုတ်သုတ်ပြန်လှည့် ၊ မင်းသွားခဲ့ပြီ။
* စိတ်ရှည်သည်းခံ ၊ လမ်းကြောင်းမှန်ဖို့
ရည်သန်ဖွဲ့စိတ် ၊ ငါကြိတ်မှိတ်၍
တိတ်တိတ်လည်းခေါ် ၊ အော်၍လည်းဆင့်
မင့်တွက်အမှန် ၊ ကရုဏာသန်လို့
ဖန်ဖန်ဖေးကူ ၊ အာဃာတဟူသမျှ
နင်းချအကျေ ၊ ငါတို့မြေကို
မင်းလေငါလေ ၊ တို့တစ်တွေနှင့်
ညီစေအောင်ကြောင်း ၊ ပြည်သစ်လောင်းစို့
ထပ်လောင်းတွဲခေါ် ၊ မင်းမပျော်ခဲ့။
* မင်းရော ငါကော ၊ ဝေးခဲ့သောက
မာန်မာနကြောင့် ၊ ကျခဲ့မျက်ရည်
သွေးသက်သေသည် ၊ ဤမြေတစ်ခွင်
ပြန်မြင်ကြည့်ကြည့် ၊ မင်းသိလိမ့်မည်
ရရှိအဖြေ ၊ အသက်တွေနှင့်
မိသေဖဆုံး ၊ ဘဝရှုံးလို့
လူလုံးမလှ ၊ ဘဝဘဝတွေ
ငါလေ ရင်နာရပါဘိ။
* ငါလေမင်းကို. . .
အားလုံးအလိုကျ
"ဖေးမကူခဲ့" ၊ "ပြေးဖက်ခေါ်ခဲ့"
"တွဲလက်ဆုတ်ခဲ့" ၊ "ပြုံးမျက်ရည်ဝေခဲ့"
ခဲ့ပေါင်းများစွာ ၊ မင်းမလာဘူး
အမှောင်ကမ္ဘာ မင်းပျော်ရှာတော့
နှစ်ခါနောင်တ ၊ မင်းမရနဲ့
ဒါကနောက်ဆုံးခေါ် ယူခြင်း။ ။

## စိမ်းရက်ပါဘူးမေ

* စိမ်းရက်တယ် မထင်လိုက်ပါနဲ့
ငြိမ်းချမ်းဖို့အတွက် ၊ စစ်ထွက်ခဲ့တာပါမေ။
* ထားရစ်ခဲ့တယ် မထင်လိုက်ပါနဲ့
အများအတွက်မို့ ၊ နှုတ်မဆက်ခဲ့တာပါမေ။
* စစ်ထွက်ယောကျ်ားမို့ ၊ အသည်းမာတယ်မထင်လိုက်ပါနဲ့
ချစ်သက်သေက ၊ ရင်ဝယ်အပြည့်ပါမေ။
* ပြည်ချစ်သားမှာလေ
မှိုင်းပျပျ လွမ်းခဲ့ရတဲ့သည်တောင်တန်း
အေးမြမြ ဖြတ်ကျော်ခဲ့ရတဲ့ သည်စမ်းရေ
ကွင်းခေါင်ခေါင် ရှုတိုင်းမကုန်တဲ့ ဖုန်းဆိုးမြေ
အုပ်ဆိုင်းဆိုင်း လျှောက်တိုင်းမကုန်တဲ့သည်တောတွေ
လျှိုနက်နက် ဖြတ်တက်ခဲ့ရတဲ့ ကမ်းပါးမြေ
သည်မြေ သည်လေ
သည်ရေကိုကာကွယ်
တာဝန်တွေ လွယ်ထားပေမယ့်
ခင်သက်ထား ချစ်သက်လျာကိုတော့
အားလပ်တဲ့ ရက်မြတ်မင်္ဂလာမှာဖြင့်
ပြောပြဖို့ ရင်မှာမြိုသိပ်များစွာနဲ့
စိမ်းရက်ပါဘူးမေ။ ။

၂၁-၁၂-၂၀၁၅



# လောက်ကိုင်သွားတောလား

နှင့်

အွန်လိုင်းပေါ်မှ ဝေဒနာကာဗျာစုများ

ပါဒသျှင်